ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)



# ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသား ခြောက်သိန်းကျော် လာရောက်ဖူးမြော်

## ထိုင်းနိုင်ငံသားများ အများဆုံးဖြစ်



**ရန်ကုန် ဇွန် ၁၉**

ရွှေတိဂုံစေတီတော်သို့ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားသား ဘုရားဖူးခရီးသည် ခြောက်သိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ၎င်းတို့အနက် ထိုင်းနိုင်ငံသားများ အများဆုံးဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ရုံးမှ သိရသည်။

ယခုနှစ် ဇန်နဝါရီလတွင် နိုင်ငံခြားသားဘုရားဖူးခရီးသည် ၇၈၀၅၄ ဦး၊ ဖေဖော်ဝါရီလတွင် ၇၇၀၆၂ ဦး၊ မတ်လတွင် ၆၄၀၀၅ ဦး၊ ဧပြီလတွင် ၄၀၇၈၉ဦးနှင့် မေလတွင် ၃၆၆၇၄ ဦး လာရောက်ဖူးမြော်ခဲ့ကြသည်။ နိုင်ငံခြားသားဘုရားဖူးတစ်ဦးလျှင် မြန်မာငွေကျပ် ၈၀၀၀ ဖြင့် ကောက်ခံလျက်ရှိသည်။

ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် ရင်ပြင်တော်ပေါ်ရှိ ကျောက်ပြားများကို အအေးခံကျောက်ပြားများဖြင့် အသစ်လဲလှယ်ဆောင်ရွက်ပေးလျက်ရှိပြီး သိင်္ဂုတ္တရကုန်းတော် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရသစ်ပင်ကြီးများကို စိုက်ပျိုးပေးထားသည်။

ရွှေတိဂုံစေတီတော်၏ လုံခြုံရေးကိစ္စရပ်များကိုလည်း တာဝန်ရှိသူများက နေ့စဉ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။ ရွှေတိဂုံစေတီတော်နှင့် အနီးပတ်ဝန်းကျင်တွင် ဒရုန်းယာဉ်များဖြင့် ဓာတ်ပုံများ၊ ဗီဒီယိုများမရိုက်ကြရန် ကြေညာထားကြောင်း သိရသည်။


**စာမျက်နှာ ၇ ကော်လံ ၅ သို့** ✪


# အမှုနှင့်မသက်ဆိုင်သော ဘဏ်စာရင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်

## မြန်မာလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံမှ ယာယီပိတ်သိမ်းခဲ့ခြင်းမှာ ငွေကြေးများ တရားမဝင် လွှဲပြောင်းဆောင်ရွက်နေခြင်းကြောင့်ဟုသိရ



ရွှေလီမြို့ရှိ ကျယ်ဂေါင်နယ်စပ်မြို့အား တွေ့ရစဉ်။ (ဓာတ်ပုံ-အေဝမ်းစိုး)

**နေပြည်တော် ဇွန် ၁၉**

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကို တရုတ်နိုင်ငံ ရွှေလီမြို့ရှိ Agricultural Bank of China, China Construction Bank နှင့် Industrial and Commerical Bank of China ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်မှစ၍ မြန်မာနိုင်ငံသား ပို့ကုန်/သွင်းကုန် ကုန်သည် လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံဘက်မှ ယာယီပိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ဘဏ်စာရင်းများပိတ်သိမ်းခဲ့မှုနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်


**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖


ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း လယ်ယာမြေများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေး


ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅


ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လမ်းများ အဆင့်မြှင့်တင်ပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား


အမျိုးသားလွှတ်တော် စာမျက်နှာ - ၅


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ MPEI တက္ကသိုလ်၌ မြန်မာ့တပ်မတော်အရာရှိများအား တွေ့ဆုံ


စာမျက်နှာ - ၃



KBZ BANK

STRENGTH OF MYANMAR

သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# လုံခြုံရေးသတိ၊ လုံခြုံရေးအသိ အမြဲရှိ

ကမ္ဘာပေါ်ရှိအချို့နိုင်ငံများ၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုများဖြစ်ပွားနေသည်ကို မြင်တွေ့နေရသည်။ အကြမ်းဖက်တိုက်ခိုက်မှုများမှာ အရှေ့အလယ်ပိုင်းနိုင်ငံများတွင်သာ ဖြစ်ပေါ်လျက်ရှိသည်ဟု ရှုမြင်ထားရာမှ ယခုအခါ ကမ္ဘာ့နိုင်ငံအများအပြားတွင်ပါ ပျံ့နှံ့ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရမှုများဖြစ်ပွားရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။

ဇွန် ၁၅ ရက်က တရုတ်နိုင်ငံ ကျန်းစုစီရင်စု ဖန်ဆီးမြို့ရှိ မူကြိုကျောင်းဝင်ပေါက်အနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သံသယရှိသူတစ်ဦးသေဆုံးခဲ့သည့်အပြင် အပြစ်မဲ့ပြည်သူ ရှစ်ဦးသေဆုံးခဲ့ပြီး လူ ၆၅ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ဇွန် ၁၄ ရက်က ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ ဟိုတယ်တစ်လုံးကို စစ်သွေးကြွများတိုက်ခိုက်၍ လူ ၂၀ ကျော် သေဆုံးခဲ့သည်။ ဇွန် ၁၁ ရက်က ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူသေဆုံးမှုရှိခဲ့သည်။ ဇွန် ၉ ရက်က ပါကစ္စတန်နိုင်ငံတွင် ပြန်ပေးဆွဲခံရသည့် တရုတ်နိုင်ငံသားကျောင်းဆရာနှစ်ဦးကို အိုင်အက်စ်အဖွဲ့က သတ်ဖြတ်လိုက်ကြောင်း ကြေညာခဲ့သည်။ ဇွန် ၇ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့တော်ရှိ လွှတ်တော်အဆောက်အအုံနှင့် ဂူဗိမာန်ကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ ဇွန် ၃ ရက်က လန်ဒန်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ခုနစ်ဦး သေဆုံးခဲ့ပြီး လူ ၄၈ ဦး ဒဏ်ရာများရရှိခဲ့သည်။ ဇွန် ၂ ရက်က ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာရှိ ဟိုတယ်တစ်လုံးတွင် အကြမ်းဖက်သမားတစ်ဦးက မီးတင်ရှို့သဖြင့် လူ ၃၇ ဦးထက်မနည်း သေဆုံးခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ သံတမန်ရပ်ကွက်တွင် အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦး ကားဗုံးဖောက်ခွဲမှုကြောင့် လူ ၈၀ ထက်မနည်းသေဆုံးခဲ့ပြီး လူ ၃၂၀ ဒဏ်ရာရရှိခဲ့သည်။

ဤသည်မှာ ယခုရက်ပိုင်းအတွင်း ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ် အချို့ဖြစ်သည်။ ပြီးခဲ့သည့်လများတွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများ နိုင်ငံအချို့တွင် ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံတောင်ပိုင်းရှိ မာရာဝီမြို့ကို အစွန်းရောက်အကြမ်းဖက်သမားများက သိမ်းပိုက်လိုက်ပြီး တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ အစွန်းရောက်အကြမ်းဖက်သမားများမှာ အရှေ့အလယ်ပိုင်းဒေသ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နိုင်ငံများတွင်သာ ဖြစ်ပေါ်လျက်ရှိရာမှ ယခုအခါ ကမ္ဘာတစ်ဝန်းပျံ့နှံ့လာပြီး အရှေ့အာရှ၊ အရှေ့တောင်အာရှနိုင်ငံများတွင်ပါ အကြမ်းဖက်တိုက်မှုများအား ဆက်တိုက်ပြုလုပ်လာသည်ကို တွေ့ရသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် လုံခြုံရေးအကောင်းဆုံးနိုင်ငံဟု သတ်မှတ်ခံထားရသည့် စင်ကာပူနိုင်ငံတွင်ပင် အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်နှင့် ကြုံတွေ့နိုင်သည်ဟု စင်ကာပူဝန်ကြီးချုပ်က ဇွန် ၁၀ ရက်က ပြောကြားခဲ့သည်။ အစွန်းရောက်အကြမ်းဖက်သမားများသည် အရှေ့တောင်အာရှ၌ ခြေကုပ်ယူလာနိုင်ကြသည်ကို စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ စစ်သွေးကြွများ အရှေ့အလယ်ပိုင်းသို့သွားရောက်ခဲ့ကြောင်း အထောက်အထားများဖြင့် စင်ကာပူဝန်ကြီးချုပ်က အသိပေးပြောကြားခဲ့သည်။

နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပါက အတူနေထိုင်သော လူမျိုးစုများအတွင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများရှိလာမည့်အပြင် လူမှုအသိုင်းအဝိုင်းအတွင်း အချင်းချင်း အပြန်အလှန်ယုံကြည်မှုပျက်ပြားကာ ပဋိပက္ခများဆက်လက်ဖြစ်ပွားလာနိုင်သည်။ အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံအများတွင် စိမ့်ဝင်ပျံ့နှံ့လာသည်ကို လက်တွေ့မြင်တွေ့လာရသည်။ အရှေ့တောင်အာရှနိုင်ငံအများစုတွင်သာမက မြန်မာနိုင်ငံ အနောက်ဘက်တံခါးသို့ပါ ထိခိုက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် အုပ်စုဖွဲ့တိုက်ခိုက်မှုများမှာ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံတစ်နိုင်ငံတွင် အခြေစိုက်ထားသောအဖွဲ့တစ်ဖွဲ့က နောက်ကွယ်မှ ကြိုးကိုင်စီစဉ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏အနောက်ဘက်အိမ်နီးချင်းနိုင်ငံတို့မှ အဖွဲ့များနှင့်လည်း အဆက်အစပ်ရှိနေကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် International Crisis Group ၏သုတေသနစာစောင်တွင် ဖော်ပြထားသည်။ မကြာသေးမီက သတင်းမီဒီယာများတွင် အကြမ်းဖက်သမားများ၏ လက်နက်စုဆောင်းမှု၊ မေယုတောင်တန်းဒေသနှင့် ကျေးရွာများအတွင်းရှိ နေအိမ်ကြီးကြီးမားမားတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုသင်တန်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုသင်တန်းတက်ရန် စည်းရုံးမှုများ၊ လူစုဆောင်းမှုများ စသည်တို့ကို ဖော်ထုတ်ရရှိခဲ့သည့် သတင်းများသည် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံပြုလုပ်ရန် အလားအလာရှိနေသည်ကို ညွှန်းဆိုပြသနေခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့နှင့်တစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ၊ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်နေသောအချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း အနောက်ဘက်တံခါးပေါက်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပြီး ထပ်မံ၍ပေါ်ပေါက်လာမည့်အခြေအနေများကို မပြတ်သောသတိ၊ လုံခြုံရေးသတိဖြင့် ဝိုင်းဝန်းကာကွယ်ထားကြရမည် ဖြစ်ပါကြောင်း။ ။

# (၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်



**နေပြည်တော် ဇွန် ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၅ ရက်မှ ဇွန် ၁၆ ရက်အထိ ကျင်းပခဲ့သည့် (၁၀၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက ILO အုပ်ချုပ်မှုအဖွဲ့ (Governing Body) အဖွဲ့ဝင်ရွေးချယ်ခြင်းတွင် ဆန္ဒမဲပေးခဲ့ပြီး ဆန္ဒမဲပေးရွေးချယ်ရာတွင် မြန်မာနိုင်ငံအား ၂၀၁၇-၂၀၂၀ ခုနှစ်အတွက် ILO အုပ်ချုပ်မှုအဖွဲ့ (Deputy Member) အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၃ ရက်တွင် အာဆီယံအလုပ်သမားဝန်ကြီးများ၏ အလုပ်သဘောတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ မွန်းလွဲပိုင်းက ဂျီနီဗာမြို့ ပဲလေ့ဒီနေးရှင်း ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် ညီလာခံစုံညီအစည်းအဝေး၌ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာဥပဒေများ ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲနေမှု၊ အလုပ်သမားရေးရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ အဓမ္မခိုင်းစေမှု ပပျောက်ရေးနှင့် ကလေးအလုပ်သမား လျှော့နည်းပပျောက်စေရေးတို့အတွက် အိုင်အယ်လ်အို ကွန်ဗန်းရှင်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၄ ရက် နံနက်ပိုင်းက ဒိန်းမတ်နိုင်ငံ အလုပ်သမားဝန်ကြီးနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် အလုပ်သမားရေးရာ ကိစ္စရပ်များအားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အိုင်အယ်လ်အိုတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကူညီဆောင်ရွက်နိုင်ရန်အတွက် အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိရုံးအစား မြန်မာနိုင်ငံဆိုင်ရာ အိုင်အယ်လ်အိုရုံးအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ရေးတို့ကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၅ ရက် နံနက်ပိုင်းက International Organization for Migration (IOM)အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Mr.William Swing နှင့်တွေ့ဆုံ၍ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(၁၀၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ၊ အလုပ်သမားကိုယ်စားလှယ်နှင့် ၎င်း၏ အကြံပေးကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်နှင့် ၎င်း၏ အကြံပေးပုဂ္ဂိုလ်တို့ ပါဝင်တက်ရောက်ခဲ့ပြီး ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စီမံကိန်းရေးဆွဲအကောင်အထည်ဖော်နိုင်ရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေး

**တပ်ကုန်း ဇွန် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရေးဆွဲအကောင်အထည်ဖော်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက အဖွင့်အမှာစကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်းအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဌေးက စီမံကိန်းတာဝန်ခံနှင့် ကျေးရွာစီမံကိန်းကော်မတီဝင်တို့ပူးပေါင်း၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု ကျေးရွာအလိုက်စီမံကိန်းလုပ်ငန်းခွဲတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒေသခံပြည်သူများ၏ လိုအပ်ချက်အရ စီမံကိန်းလုပ်ငန်းခွဲများအား အဖွဲ့လိုက် ဆွေးနွေးညှိနှိုင်းခဲ့သည်။

တပ်ကုန်းမြို့နယ်တွင် ကျေးရွာအုပ်စု ၄၉ အုပ်စု၊ စီမံကိန်းကျေးရွာစုစုပေါင်း ၁၈၈ ရွာ၊ ကျေးလက်လူဦးရေ ၁၈၁၃၆၂ ဦးရှိ၍ လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီး၊ အဆောက်အအုံတို့ကို ကျေးရွာများ၌ အကောင်အထည်ဖော်ဆောင်ရွက်ရာ လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်)ထောက်ပံ့ငွေ ကျပ်သန်း ၁၇၈၀ ဖြင့် လုပ်ငန်းခွဲပေါင်း ၁၆၅ ခု၊ (ဒုတိယနှစ်)ထောက်ပံ့ငွေ ကျပ်သန်း ၁၈၀၀ ဖြင့် လုပ်ငန်းခွဲပေါင်း ၁၅၀ ပြီးစီးပြီဖြစ်ပြီး (တတိယနှစ်)ထောက်ပံ့ငွေ ကျပ်သန်း ၁၉၄၈ ဖြင့် လုပ်ငန်းခွဲပေါင်း ၁၅၈ ခု အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။ **တင်စိုးလွင်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်(ရွှေဈေး) ၉၀၉၅၀၀ - ၉၀၉၅၀၀ မန္တလေး(ရွှေဈေး) ၉၀၉၅၀၀ - ၉၀၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၀/၇၀၀ ကျပ်၊ | ၇၀၀/၇၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၄၀ ကျပ်၊ | ၈၂၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၇၅/၇၀၅ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၀/၇၂၀ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၉၀/၆၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၅/၆၁၈ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၂၃.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉.၈၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀.၁၀၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈.၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၁၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၅.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၁၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၇.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၄.၂၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ MPEI တက္ကသိုလ်၌ မြန်မာ့တပ်မတော်အရာရှိများအား တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၁၈ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံရုံး၊ စစ်သံရုံး မိသားစုဝင်များအား တွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့၏ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မြေအောက်ရထားဖြင့် Smolenskaya ဘူတာမှ Ploshchad Revolyutsii ဘူတာသို့ လိုက်ပါစီးနင်းလေ့လာခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်အသီးသီး၌တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မြန်မာ့တပ်မတော်အရာရှိများအား ဇွန် ၁၈ ရက်တွင် မော်စကိုမြို့ရှိ Moscow Power Engineering Institute (MPEI) တက္ကသိုလ်တွင် သွားရောက်တွေ့ဆုံပြီး ဩဝါဒစကားပြောကြားသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားအရာရှိများအနေဖြင့် ယခုသင်ယူလျက်ရှိသော ပညာရပ်များတွင် သိပ္ပံပညာ၊ ကွန်ပျူတာပညာ၊ အင်ဂျင်နီယာပညာစသည်များပါဝင်ကြောင်း၊ မိမိတို့သင်ကြားလျက်ရှိသည့် ဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသင်ယူရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပညာတော်သင်အရာရှိများအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် မြန်မာဂီတပွဲတော်ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးစီးကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာဂီတပွဲတော် (Myanmar Music Festival)ကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါဂီတပွဲတော်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင် ငါးဦးနှင့် အနောက်တိုင်းဂီတအနုပညာရှင် ငါးဦးတို့က မြန်မာဂီတပွဲတော်အတွက် ရည်ရွယ်ရေးစပ်ထားသော သီချင်းအသစ် ခုနစ်ပုဒ်ကို ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တေးသီချင်းများမှာ မြန်မာ့ရိုးရာနှင့် အနောက်တိုင်းတူရိယာများ၏ ကွဲပြားခြားနားသည့် သဘောသဘာဝ၊ ဟန်ပန်များကို ပေါင်းစပ်ကာ ရေးဖွဲ့ထားကြောင်း သိရသည်။

ဂီတပွဲတော်အတွက် တေးသီချင်းသစ်များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင် အပါအဝင် အမေရိကန်၊ ပီရူး၊ တရုတ်(တိုင်ပေ)နှင့် မြန်မာနိုင်ငံတို့မှ တေးရေးဆရာများက ရေးစပ်ခဲ့ကြကြောင်း သိရသည်။

ဂီတပွဲတော်ကို မေ ၂၆ ရက်မှ ဇွန် ၁၈ ရက်ထိ ကျင်းပခြင်းဖြစ်ပြီး ရန်ကုန်မြို့အပါအဝင် စစ်တွေ၊ မြစ်ကြီးနား၊ နေပြည်တော်၊ မန္တလေးမြို့တို့တွင်လည်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ဖျော်ဖြေပွဲအားလုံးကို ဝင်ကြေးအခမဲ့သတ်မှတ်ပေးထားပြီး ဂီတနှစ်သက်သူ၊ စိတ်ဝင်စားသူ ပရိသတ်အများအပြား လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**(အေးမင်းသူ)**

# နိုင်ငံခြားသတင်းထောက်များအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇွန် ၁၉**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၈ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အသင်းရုံးခန်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်သွင်၊ ဦးစဝ်ကိုင်ဖနှင့် ဒေါ်အေးအေးဝင်းတို့အား တင်မြှောက်သည်။ ဥက္ကဋ္ဌအဖြစ် ဦးမင်းဇော် (Tokyo Shimbun)၊ ဒု-ဥက္ကဋ္ဌအဖြစ် ဦးသူရိန်လှထွေး (Nikkei Shimbun)၊ အတွင်းရေးမှူးအဖြစ် ဦးသစ္စာလှထွေး (TBS)၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးမြတ်သူရ (Kyodo News )၊ ဒေါ်ဆင့်ဆင့်အောင် (NTV )၊ ဒေါ်လှလှဌေး (AFP) ၊ဒေါ်ခင်မိုမိုမြင့် (NHK)၊ တို့အား လည်းကောင်း ၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်ရတနာထွန်း (Kyodo News)၊ စာရင်းစစ်များအဖြစ် ဦးခင်မောင်ဝင်း(Tokyo Shimbun) နှင့် ဦးဖြိုးဟိန်းကျော်(AFP) တို့အား လည်းကောင်း ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

❐




ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုနန္ဒာလမ်းနေ ဦးကျော်မိုးနိုင်နှင့်ဒေါ်ယဉ်ဥ မိသားစုက ဇွန် ၁၉ ရက်တွင် ဇီဝိတဒါနဆေးရုံရှိ သံဃာတော်များနှင့်သီလရှင်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ရာသက်ပန်ဆွမ်း တစ်နေ့တာနှင့် ထာဝရဆွမ်း၊ ဆေးပဒေသာပင်တို့အတွက် ငွေကျပ်သိန်း ၂၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးမောင်မောင်နှင့် အဖွဲ့ဝင် ဒေါက်တာမြင့်သိန်းတို့ လက်ခံစဉ်။

**(သတင်းစဉ်)**

# ဒေးဒရဲ စစ်မှုထမ်းဟောင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး



**ဒေးဒရဲ ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည် မျက်နှာစုံညီစည်းဝေးပွဲအခမ်းအနားကို ဇွန် ၁၇ ရက်က အဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တင်သွင်းသည့်အစီရင်ခံစာကို မြို့နယ်အဖွဲ့ဝင်တစ်ဦးက ဖတ်ကြားတင်ပြရာ အစီရင်ခံစာပါ အချက်များကိုသုံးသပ်ဆွေးနွေးအကြံပြု၍ ဆုံးဖြတ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကို သဘောတူညီချက်ရယူပြီး တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ဘဏ္ဍာရေးအပါအဝင် လိုအပ်သည်များ မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# မောင်တောပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုသဘာဝဒဏ်ခံနိုင်ရန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မောင်တော ဇွန် ၁၉**

မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုသဘာဝဒဏ်ခံနိုင်ရန် ရည်ရွယ်ကာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက မောင်တောမြို့နယ် ဝေသာလီကျေးရွာအနီး မိုင်တိုင် (၀/၅)တွင် ပြုလုပ်သည်။

“မောင်တောမြို့နယ်မှာ နှစ်တိုင်းမိုးရာသီရောက်ရင် သစ်ပင်စိုက်ပွဲကျင်းပတယ်။ စိုက်ပျိုးပြီးတဲ့သစ်ပင်တွေကိုလည်း မပျက်စီးအောင် ကျေးရွာလူထုနဲ့ပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်တယ်။ ဒီဒေသမှာ သဘာဝဘေးဒဏ်က နှစ်တိုင်းခံစားရတော့ သဘာဝဘေးဒဏ်ခံနိုင်အောင် ဌာနအနေနဲ့လည်း သစ်ပင်စိုက်တာတွေရှိတယ်။ ကျေးရွာပိုင်စိုက်တာတွေလည်းရှိတယ်” ဟု မောင်တောမြို့ သစ်တောဦးစီးဌာနမှ တောခေါင်း ဦးဘတင်က ပြောသည်။



သစ်ပင်စိုက်ပျိုးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ မောင်တောမြို့ပေါ်နှင့် ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၀ ခန့် တက်ရောက်ကြပြီး သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးခဲ့ကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၅၀၊ ပျဉ်းကတိုး ၅၀၊ မဟော်ဂနီ ၁၅၀၊ မန်ကျည်းရှား ၁၀၀ နှင့် ယူကလစ် ၁၅၀ တို့ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွန်း**

# တောင်ကိုရီးယား၌ ပထမဆုံးအကြိမ် အမျိုးသမီးတစ်ဦးကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်

ဆိုးလ် ဇွန် ၁၉

**တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းသည် ကွန်ဆာဗေးတစ်အတိုက်အခံပါတီ၏အပြင်းအထန် ကန့်ကွက်မှုရှိနေသည့်ကြားမှ အမျိုးသမီး တစ်ဦးကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။**



တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး နိုင်ငံခြားရေးဝန်ကြီးမှာ ကျန်းကျွန့်ဝှာ **(အပေါ်ပုံ)** ဖြစ်ပြီး အိမ်ပြာတော်(ခေါ်)

သမ္မတအိမ်တော်၌ ဇွန် ၁၈ ရက်က ကျင်းပသော အခမ်းအနားတွင် ဝန်ကြီး ခန့်အပ်လွှာကို သမ္မတမွန်းက ပေးအပ်ခဲ့ကြောင်း သမ္မတရုံးက ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။ ကျန်းကျွန့်ဝှာသည် ကုလသမဂ္ဂ မူဝါဒရေးရာ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

လစ်ဘရယ်ခေါင်းဆောင် တစ်ဦးဖြစ်သူ သမ္မတမွန်းသည် မေ ၁၀ ရက်တွင် သမ္မတရာထူးတာဝန်၌ စတင်တာဝန်ထမ်းရွက်ခဲ့ပြီး ကျန်းကျွန့်ဝှာအားနိုင်ငံခြားရေးဝန်ကြီး ရာထူး၌ ခန့်အပ်ရန် ၎င်းက မေ ၂၁ရက်တွင် အမည်စာရင်းတင်သွင်းခဲ့သည်။ သို့ရာတွင် အဓိက အတိုက်အခံပါတီဖြစ်သော လေဘာတီကိုရီးယားပါတီက အပြင်းအထန်ကန့်ကွက်မှုကြောင့် တရားဝင်ခန့်အပ်ရေးမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ကျန်းကျွန့်ဝှာသည် ပညာရေးနှင့်သက်ဆိုင်နေသော ကိုယ်ရေးမှတ်တမ်းတွင် မမှန်ကန်သော နေရပ်လိပ်စာတစ်ခုကို ဖော်ပြခဲ့ခြင်း အပါအဝင် ကိုယ်ရေးအချက်အလက်အချို့ ဖော်ပြမှု၌ အငြင်းပွားစရာများ ရှိကြောင်း အတိုက်အခံပါတီက ပြောကြားသည်။

သို့ရာတွင် ပြည်သူ ၈၀ ရာခိုင်နှုန်းခန့်က ဝန်ကြီးအဖွဲ့ ဝန်ကြီးနေရာများအတွက် သမ္မတမွန်းက အမည်စာရင်း တင်သွင်းမှုအပေါ် ယုံကြည်မှုရှိကြောင်း မကြာသေးမီက ပြုလုပ်ခဲ့သည့် လူထုသဘောထားဆန္ဒစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**

# လန်ဒန်မြောက်ပိုင်း၌ ဝတ်ပြုဆုတောင်းအပြီး ပြန်လာသူများကို ဗင်ကားတစ်စီးဝင်တိုက် ၁၀ ဦးဒဏ်ရာရ

**လန်ဒန် ဇွန် ၁၉**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဇွန် ၁၉ ရက်က ဝတ်ပြုဆုတောင်းအပြီး ပြန်လည်ထွက်ခွာလာသူများအား ဗင်ကားတစ်စီးက တစ်ရှိန်ထိုးဝင်တိုက်ခဲ့ရာ လူ ၁၀ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ဗလီဝတ်ကျောင်းအနီး ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ပြီး မွတ်စလင်ဘာသာဝင်များအား ဦးတည်သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရုတ်ခြည်းကွေ့ဝင်**

ညသန်းခေါင်ယံကျော်လွန်ပြီး တစ်ခဏအကြာတွင် လန်ဒန်မြောက်ပိုင်း ဖင်းစဗျူရီ ဥယျာဉ်ဗလီဝတ်ကျောင်းနှင့် မွတ်စလင်စောင့်ရှောက်ရေး ဝေဟာအဆောက်အအုံတို့တွင် ဝတ်ပြုဆုတောင်းအပြီး ပြန်လည်ထွက်ခွာလာသည့် လူအုပ်စုအတွင်းသို့ အလျင်အမြန်မောင်းနှင်လာသည့် ဗင်ကားတစ်စီးက ရုတ်ခြည်းကွေ့ဝင်လာခဲ့ကြောင်း၊ ယင်းဗလီဝတ်ကျောင်းမှာ ဗြိတိန်နိုင်ငံရှိ အကြီးဆုံးဗလီဝတ်ကျောင်းများတွင်ပါဝင်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်ရပ်မှာ အကြမ်းဖက်တိုက်ခိုက်မှု လက္ခဏာဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့မှ အထက်တန်းညှိနှိုင်းဆောင်ရွက်သူ နီးလ်ဘာဆူးက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် မြို့တော်လန်ဒန်နှင့် လန်ဒန်မြို့သားအားလုံးကို တိုက်ခိုက်ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရိုက်တာ။**

# ရုရှားရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် တရုတ်ရေတပ် စစ်ရေယာဉ်များထွက်ခွာ

**စန်းယ ဇွန် ၁၉**

ရုရှားရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန်အတွက် တရုတ်ရေတပ်မှ စစ်ရေယာဉ်စုသည် ဇွန် ၁၈ ရက်တွင် ဟိုင်နန်ပြည်နယ် စန်းယမြို့ရှိ ရေတပ်အခြေစိုက်စခန်းမှ ထွက်ခွာသွားသည်။ တရုတ်စစ်ရေယာဉ်များသည် စိန့်ပီတာစဘတ်နှင့် ကာလီနင်ဂရက်မြို့တို့၌ ရုရှားရေတပ် စစ်ရေယာဉ်များနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်ကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**



ထွက်ခွာသွားသည့် တရုတ်စစ်ရေယာဉ်စုတွင် ဖျက်သင်္ဘောတစ်စင်း၊ ဖရီးဂိတ်သင်္ဘောတစ်စင်း၊ ထောက်ပံ့ရေးသင်္ဘောတစ်စင်း၊ စစ်ရေယာဉ်တင် ရဟတ်ယာဉ်များနှင့်ကမ်းတက်တပ်သားများ ပါဝင်သည်။

ယခုပြုလုပ်မည့် ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တရုတ်နှင့် ရုရှားတို့၏ မဟာဗျူဟာမြောက် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ နှစ်စဉ်ရေတပ်တပ်ဖွဲ့များ ပူးပေါင်းလေ့ကျင့်ရေး အစီအစဉ်အရ စီစဉ်ခြင်းဖြစ်ကြောင်း တရုတ်ရေတပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနှင့် တရုတ်ရေတပ်ဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် နှစ်နိုင်ငံ ရေတပ်စစ်ရေယာဉ်များ ပူးပေါင်းလေ့ကျင့်ခြင်းဖြစ်ပြီး ယင်းစစ်ရေးလေ့ကျင့်မှု အစီအစဉ်ကို 'ပူးတွဲပင်လယ်-၂၀၁၇' ဟု အမည်ဝှက်ပေးထားသည်။

ရုရှားနှင့်တရုတ်နှစ်နိုင်ငံ သဘောတူညီချက်အရ ယခုနှစ် ဇူလိုင်လနှောင်းပိုင်း၌ ဘောလ်တစ် ပင်လယ်ရေပြင်တွင်လည်းကောင်း၊ စက်တင်ဘာလလယ်ပိုင်းတွင် ဂျပန်ပင်လယ်နှင့် အော်ခေါ့စ်ပင်လယ်တို့တွင်လည်းကောင်း ပူးတွဲစစ်ရေးလေ့ကျင့်ကြမည်ဖြစ်သည်။

ရုရှားနှင့်တရုတ် ရေတပ်များ၏ စစ်ရေးလေ့ကျင့်မှုသည် ကယ်ဆယ်ရေးနှင့် ကုန်သွယ်ရေကြောင်းလမ်းများ လုံခြုံရေးအတွက် ဦးတည်ကြောင်း တရုတ်ရေတပ်က ပြောကြားသည်။

**ဆင်ဟွာ။**

# အမေရိကန်၌ လေနှင့်နေစွမ်းအင်တို့မှ ဓာတ်အားထုတ်လုပ်မှု မတ်လတွင် ပထမဆုံးအကြိမ် ၁၀ ရာခိုင်နှုန်းကို ကျော်လွန်

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်ပြည်ထောင်စု၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် လေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်အင်အားထုတ်လုပ်မှုသည် မတ်လတွင် ပထမဆုံးအကြိမ် ၁၀ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ကြောင်း စွမ်းအင်ဌာနအောက်ရှိ စွမ်းအင်သတင်းအချက်အလက်ဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၌ လေစွမ်းအင်နှင့်နေစွမ်းအင်သုံးစွဲမှုမှာ တစ်စစတိုးလာနေကြောင်း၊ လွန်ခဲ့သည့်နှစ်က ယင်းစွမ်းအင်နှစ်မျိုးသုံးစွဲမှုမှာ ပျမ်းမျှအားဖြင့် ခုနစ်ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၌ တက္ကဆက်ပြည်နယ်သည် လေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ အဖွံ့ဖြိုးဆုံးဒေသဖြစ်ပြီး ၂၀၁၆ နှစ်တွင် ပြည်နယ်များအနက် လေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအများဆုံး ပြည်နယ်တစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ အိုင်အိုဝါပြည်နယ်မှာလည်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှု မြင့်တင်နေပြီး ၂၀၁၆ ခုနှစ်တွင် လေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ၃၇ ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ခဲ့သည်။

ထိုစဉ်အတွင်း ဒဲလွိုက်အတိုင်ပင်ခံကုမ္ပဏီက သီးခြားအစီရင်ခံစာတစ်ရပ်ထုတ်ပြန်ရာတွင် အမေရိကန်ပြည်ထောင်စု၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဝယ်လိုအား တိုးတက်လာနေသည်ဟု ဖော်ပြထားသည်။

စွမ်းအင် ကုမ္ပဏီများ၏ စီးပွားရေးစွမ်းဆောင်ရည်နှင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများ၏ ကြိုက်နှစ်သက်မှုတို့အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပေါ် ဝယ်လိုအားတိုးလာနေကြောင်း၊ အမေရိကန်၌ လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲသူ ဦးရေ၏ ၆၁ ရာခိုင်နှုန်းမှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲလိုသောဆန္ဒ တိုးလာနေကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# ပါရီလေကြောင်းပြပွဲ သမ္မတ မေခရွန်ဖွင့်လှစ်ပေး၊ ဘိုးရင်းနှင့် အဲဘတ်စ်ဈေးကွက်ယှဉ်ပြိုင်မှု မြင့်တင်

ပါရီ ဇွန် ၁၉

**ပြင်သစ်နိုင်ငံ၌ ဇွန် ၁၉ ရက်က ဖွင့်လှစ်လိုက်သော ပါရီလေကြောင်းပြပွဲတွင် အမေရိကန် ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏ ရောင်းအားအကောင်းဆုံး ၇၃၇ လေယာဉ်အမျိုးအစား၏ နောက်ဆုံးပေါ် လေယာဉ်ပုံစံသစ်ကို ခင်းကျင်းပြသလျက်ရှိကြောင်း၊ ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် အဓိကယှဉ်ပြိုင်ဘက်ဖြစ်သော ဥရောပအဲဘတ်စ်အုပ်စုနှင့်အတူ မြို့ပြလေကြောင်းဈေးကွက်တွင်းသို့ ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

ပြင်သစ်သမ္မတ အီမင်နျူယယ်မေခရွန်သည် ပါရီလေကြောင်းပြပွဲကို ဖွင့်လှစ်ပေးရန် အဲဘတ်စ်ကုမ္ပဏီထုတ် စစ်လေယာဉ်တစ်စင်းဖြင့် လိုက်ပါလာခဲ့ပြီး ဘောဂတ်လေယာဉ်ကွင်းသို့ ဆိုက်ရောက်လာခဲ့သည်။

**လိုက်ပါခဲ့**

သမ္မတမေခရွန်သည် ဥရောပစစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်ထုတ်လုပ်ရေးစီမံကိန်းကို အားပေးသည့်အနေဖြင့် အဲဘတ်စ်ကုမ္ပဏီထုတ် အေ-၄၀၀ အမ်အမျိုးအစား စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းနှင့်အတူ လိုက်ပါခဲ့သည်။ အဆိုပါလေယာဉ်သည် ပါရီအနီးရှိ ဗီလာကူဘလေး လေတပ်စခန်းမှ စတင်ထွက်ခွာခဲ့ပြီး ဘောဂတ်လေယာဉ်ကွင်း၌ ဆင်းသက်ခဲ့သည်။

နှစ်နှစ်တစ်ကြိမ် ကျင်းပသော လေကြောင်းပြပွဲနှင့် ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ စက်မှုလုပ်ငန်းများပြပွဲကို သမ္မတမေခရွန်က ဖွင့်လှစ်ပေးချိန်တွင် ပြင်သစ်လေတပ်မှ ဂျက်တိုက်လေယာဉ်များက ပြပွဲတည်ရာကွင်းပြင်အထက် ဝေဟင်အတွင်း သရုပ်ပြပျံသန်းခဲ့ကြသည်။

ဘိုးရင်းနှင့် အဲဘတ်စ်တို့က ခရီးသည်တင်လေယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်းနယ်ပယ်၌ အကြိတ်အနယ်ယှဉ်ပြိုင်နေကြစဉ်မှာပင် တရုတ်နိုင်ငံက နိုင်ငံတကာ မြို့ပြလေကြောင်းဈေးကွက်အတွင်းသို့ ပိုမိုထိုးဖောက်ဝင်ရောက်လာသည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သည့်လက ယင်း၏ ပထမဆုံးသော အကြီးစားဂျက်လေယာဉ် စီ-၉၁၉ ကို စမ်းသပ်ခရီးစဉ် ပျံသန်းမှုပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံသည် အဲဘတ်စ် အေ-၃၂၀ နှင့် ဘိုးရင်း-၇၃၇ လေယာဉ် အမျိုးအစားများကို ယှဉ်ပြိုင်လျက်ရှိသည်။

**ရိုက်တာ။**

# ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောရေိယာအတွင်း လယ်ယာမြေများကို စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရန် အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ (၁)ခု ဖတ်ကြားတင်ပြခြင်း၊ ဥပဒေကြမ်း (၁)ခုအတည်ပြုခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ငပုတောမဲဆန္ဒနယ်မှ **ဦးသန်းအောင်၏ နွေရာသီတွင် ငပုတောမြို့နယ်၌ အဆိုးရွားဆုံးသော သောက်သုံးရေ ပြတ်လပ်မှုကို ဖူလုံစေရန် မြေသားမိုးရေလှောင်ကန်များ၊ ရေလှောင်တမံများ၊ အဝီစိစက်တွင်းများ အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ငပုတောမြို့နယ် ငါးပြေမ ကျေးရွာအနီး မဲခရဲချောင်းဆုံတွင် ရေလှောင်တမံတည် ဆောက်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ အကြို စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဖြစ်မြောက်နိုင်စွမ်းရှိပါက ဒီဇိုင်းတွက်ချက်၍ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေ ကျပ် ၄၄ သန်းခန့်ဖြင့် ကျေးရွာ ၇ ရွာတွင် လက်တူးတွင်း လေးတွင်းနှင့် မြေသားရေကန် သုံးကန် စုစုပေါင်းရေရရှိရေး လုပ်ငန်း ခုနစ်ခုကို ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါ ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစားပေး အလိုက် ရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအားစိစစ်ပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆည်မြောင်း နှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ငပုတော မြို့နယ်အတွင်း ရေလှောင်တမံများတည်ဆောက်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိပါကြောင်း ဖြေကြား သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သိမ်ကျောင်းချောင်း သစ်ဆိပ်စခန်းအနီးရှိ ရေတံခါးအမှတ်(၉)သည် ရေသွင်း ရေထုတ်ကောင်းစွာမလုပ်နိုင်သဖြင့် ၎င်းရေတံခါးအနီးတွင် ရေတံခါးအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က သစ်ဆိပ်စခန်းအနီးရှိ ရေတံခါးအမှတ်(၉)သည် ခိုင်ခံ့မှုမရှိ တော့ပါကြောင်း၊ ၎င်းရေတံခါးအနီးတစ်ဝိုက်တွင် ရေတံခါး အသစ်တစ်လုံးတည်ဆောက်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်တွင် ရန်ပုံငွေမပါရှိသည့်အတွက် လာမည့်ဘဏ္ဍာနှစ် များတွင် ရန်ပုံငွေတောင်းခံ၍ ဘဏ္ဍာခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဟု ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့က အကြောင်းပြန်ထားပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။

ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောရေိယာအတွင်း လက်ရှိလုပ်ကိုင် နေသောတောင်သူများ၏ လယ်ယာမြေများကို စနစ် တကျစိစစ်ပြီး စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တောင်သူလယ်သမားတစ်ဦးချင်းအတွက် ငွေချေးစည်းကမ်းသတ်မှတ်ချက်တွင် သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရရှိပြီးသူ ဖြစ်ရမည်ဟု ပါရှိပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူ လယ်သမားတစ်ဦးချင်း၏ စိုက်ပျိုးလုပ်ကိုင်သော မြေ အမျိုးအစားသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသော မြေ အမျိုးအစား ဟုတ်၊ မဟုတ်နှင့် မည်သည့်သီးနှံအမျိုး အစားအား ဧကမည်မျှစိုက်ပျိုးသည်ဆိုသည်ကို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုး ရေးဦးစီးဌာနတို့၏ စိစစ်ထောက်ခံချက်များအရ ချေးငွေ ထုတ်ချေးပေးခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက လယ်ယာမြေ အဖြစ် သတ်မှတ်ခြင်းပြုနိုင်မည်မဟုတ်သော ကြိုးဝိုင်း သစ်တောမြေ၊ ကြိုးပြင်ကာကွယ်တောမြေများအတွက် ချေးငွေထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဂရိတ်ဝေါလ်ကုမ္ပဏီက သကြားစက်ရုံတည်ဆောက် ရန် သိမ်းယူခဲ့သော အောင်သာယာကျေးရွာနေ တောင်သူ ၂၈ ဦး၏ လယ်ယာမြေစုစုပေါင်း ဧရိယာ ၄၂ ဒသမ ၀၆ ဧကကို မူလမြေပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါလယ်ယာမြေ ၄၂ ဒသမ ၀၆ ဧက အား အစိုးရဌာနအဖွဲ့အစည်းများက သိမ်းယူပေးခဲ့ခြင်း မဟုတ်ပါကြောင်း၊ ဂရိတ်ဝေါလ်ကုမ္ပဏီနှင့် တောင်သူများ ၏သဘောတူကျေနပ်မှု စာချုပ်စာတမ်းများဖြင့် ခေတ် ကာလပေါက်ဈေးနှုန်း တစ်ဧကလျှင်ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ၁၃၅၀၀၀ နှုန်းဖြင့် အသီးသီးဝယ်ယူခဲ့ပြီး သကြား စက်ရုံတည်ဆောက်ရန် လန (၃၉) လျှောက်ထားခဲ့ခြင်း ဖြစ်ပါကြောင်း။

ကျေးရွာစာသင်ကျောင်း ဆောက်လုပ်ရန်အတွက် တောင်းဆိုမှုကြောင့် ဂရိတ်ဝေါလ်ကုမ္ပဏီအနေဖြင့် မြေဧရိယာ ၄၂ ဒသမ ၀၆ ဧကအနက် ၂ ဧကကို ၂၀၁၂ ခုနှစ်တွင် ပြန်လည်လှူဒါန်းပေးခဲ့ပါကြောင်း၊ မူလက သကြားစက်ရုံတည်ဆောက်ရန် လျာထားခဲ့သော မြေ ဧရိယာ ၄၀ ဒသမ ၀၆ ဧကပေါ်တွင် ကုမ္ပဏီအနေဖြင့် ဂိုဒေါင်နှင့်ဝန်ထမ်းအိမ်ရာအတွက် (ပေ ၁၂၀×၂၄ ပေ)ရှိ အဆောက်အအုံတစ်လုံး ဆောက်လုပ်ထားပါကြောင်း၊ သုည ဒသမ ၀၆၆ ဧကသာ အသုံးပြုထားပြီး ၃၉ ဒသမ ၉၉ ဧက ကျန်ရှိနေပါကြောင်း။

လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိထားမှု အနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မတိုင်မီကိစ္စရပ် ဖြစ်သော်လည်း သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အသုံးမပြုသည့်အတွက် ယခုပြဋ္ဌာန်းထားသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ (၉၀၊ ၉၁၊ ၉၂၊ ၉၃)တို့နှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လယ်ယာမြေနှင့်အခြား မြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ က ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး တင်သွင်းထားသည့် **“နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ် များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြ သော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် ကျောင်းကုန်းမဲဆန္ဒနယ် မှ ဦးသိန်းထွန်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန် လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူ ခြင်းတို့ကို ဇွန် ၂၀ ရက်တွင် ကျင်းပမည့် ပြည်သူ့ လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ သော **“ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် သဘောကွဲလွဲ သည့် အချက် ၈ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်း အဝေး (၁၈) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်လမ်းများ အဆင့်မြှင့်တင်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

**နေပြည်တော် ဇွန် ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၆ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်လမ်းများ အဆင့်မြှင့်တင်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းချက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **စလင်းမြို့နယ် ငလိုင်တွင်းကျေးရွာ၊ ကင်မွန်းချုံကျေးရွာ၊ ကျွဲဦးကျေးရွာတို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM(MPT) တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ တယ်လီနောမြန်မာလီမိတက်နှင့် အူရီဒူးမြန်မာလီမိတက် တို့အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနှင့်ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေရန်အတွက် မိုဘိုင်း ဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များကို တည်ဆောက်ပေးလျက်ရှိသော် လည်း မိုဘိုင်းစခန်းများတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၊ ပြန်လည်ရရှိနိုင်မည့်ဝင်ငွေအား ထည့်သွင်းတွက်ချက်ရခြင်း၊ ဆက်စပ်နေသည့် အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ရခြင်း၊ လျှပ်စစ်မီးရရှိနိုင် မှုအခြေအနေ၊ မြေပြင်အနေအထား စသည်တို့အပေါ် မူတည်၍ တည်ဆောက် ရသည့်အတွက် စလင်းမြို့နယ်အတွင်းရှိ ငလိုင်တွင်းကျေးရွာ၊ ကင်မွန်းချုံကျေးရွာ နှင့် ကျွဲဦးကျေးရွာတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ လောလောဆယ်တွင် တည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်မှု တိုးချဲ့တည်ဆောက်သည့်အခါတွင် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ဦးစားပေးအစီအစဉ်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်



ဒုတိယဝန်ကြီး ဦးကျော်လင်း

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **မူးသာ-မကျီးကုန်း-တောင်ကြား- လင်းတလူး-ချိုင်းကြီး လမ်းပေါ်ရှိ မိုင်တိုင် ၆/၁ နှင့် ၆/၇ ကြားရှိ ပေ ၁၂၀ အရှည် ရေကျော် လေးစင်းနှင့် ကျိုးပြတ် ပျက်စီးနေသောလမ်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မူးသာ- မကျီးကုန်း-တောင်ကြား-လင်းတလူး- ချိုင်းကြီးလမ်း တွင် ပေ ၁၂၀ အရှည် ရေကျော် လေးစင်း၊ ၅၅ ပေအရှည် ရေကျော်တစ်စင်းနှင့် ပျက်စီးသွားသော လမ်းအရှည် ခြောက်ဖာလုံခန့်အား ပြန်လည်တည်ဆောက်ရန် အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်း ခြင်းရန်ပုံငွေတွင် ဆက်လက်ထည့်သွင်းလျာထားခဲ့ပြီး ရန်ပုံငွေကန့်သတ်ချက် အရ အတည်ပြုလျာထားချက်တွင် ပါဝင်ခဲ့ခြင်းမရှိပါကြောင်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာ နှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထပ်မံလျာထားတင်ပြသွားမည် ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ မူလရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၊ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ပြန်လည် ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက စာသားအဓိပ္ပာယ် လေးနက်စေရန် အဓိကထားဆွေးနွေးပြောကြားရာ လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ် သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာသည့် **တူးမြောင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်က လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော် (သတင်းစဉ်)**

# ဒီမိုကရေစီနှင့် လူ့အခွင့်အရေး

## ဒေါက်တာခိုင်ခိုင်ဝင်း

“ဒီမိုကရေစီ”ဆိုသည့် စကားလုံးသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် မပါဝင်သလို တစ်ကမ္ဘာလုံးက တညီတညွတ်တည်း လက်ခံသတ်မှတ်ထားသည့် ဒီမိုကရေစီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း ရှိမနေပါ။ သို့သော် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် ဆက်စပ်မှုရှိသည်ကိုမူ တစ်ကမ္ဘာလုံးက လက်ခံထားပြီးဖြစ်ပါသည်။ နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (International Day of Democracy) ကို ကျင်းပလေ့ရှိပြီး ပြည်သူအများ ဒီမိုကရေစီအကြောင်း ပိုမိုသိရှိလာစေရန်ရည်ရွယ်ချက်ဖြင့် အဆိုပါနေ့တွင် ကမ္ဘာ့နိုင်ငံအများအပြား၌ ဒီမိုကရေစီနေ့ အခမ်းအနားများကို ကျင်းပကြသလို နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်နေ့သည် လူ့အခွင့်အရေးနေ့ (Human Rights Day) ဖြစ်ပြီး အဆိုပါနေ့တွင် လူ့အခွင့်အရေးနေ့ အခမ်းအနားများကို နိုင်ငံအနှံ့တွင် ပုံစံမျိုးစုံဖြင့် ဂုဏ်ပြုကျင်းပကြပါသည်။

ဒီမိုကရေစီနှင့်စပ်လျဉ်းပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးကို လူအမျိုးမျိုးက ဖွင့်ဆိုထားကြပါသည်။ အမေရိကန်သမ္မတဟောင်း အီဗရာဟင်လင်ကွန်းက “ဒီမိုကရေစီဆိုသည်မှာ ပြည်သူ့အစိုးရ၊ ပြည်သူရွေးချယ်တဲ့ အစိုးရ၊ ပြည်သူအတွက်အစိုးရ” ဖြစ်သည်ဟု ဆိုထားပါသည်။ ဟုတ်ပါသည်။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူအတွက် အစိုးရရှိတဲ့စနစ်ပဲဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံပညာရှင် လယ်ရီဒိုင်းမွန်းက ဒီမိုကရေစီတွင် လိုအပ်ချက်လေးခု ရှိသည်ဟုဆိုထားပါသည်။ (၁) လွတ်လပ်မျှတသည့် ရွေးကောက်ပွဲပြုလုပ်ပြီး အစိုးရတစ်ရပ်ဖော်ဆောင်သည့်နိုင်ငံရေးစနစ်၊ (၂) နိုင်ငံရေးနဲ့ပြည်သူ့ရေးရာတွေမှာ တက်ကြွစွာပါဝင်လှုပ်ရှားမှုရှိရမည့် နိုင်ငံသားများ၊ (၃) နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းနဲ့ (၄) နိုင်ငံသားအားလုံးအတွက် ညီမျှမှုရှိသည့် တရားဥပဒေစိုးမိုးရေးများ ဖြစ်သည်လို့ ဆိုထားပါသည်။ ဤနေရာတွင် ကြည့်မည်ဆိုလျှင် အချက်လေးချက်အနက် သုံးချက်တွင် နိုင်ငံသားဆိုသည်ကို အဓိကဦးတည်ထားသည်ကို တွေ့ရမှာဖြစ်ပါသည်။ နိုင်ငံသားတိုင်း တက်ကြွစွာ ပါဝင်လှုပ်ရှားမှုသည် ဒီမိုကရေစီစနစ်ကို ထောက်ခံသည့် နိုင်ငံများတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပြီး ပါဝင်လှုပ်ရှားခြင်းသည်လည်း ဒီမိုကရေစီနိုင်ငံတွင် နေထိုင်ကြသည့် နိုင်ငံသားများအတွက် အရေးပါသည့်ကဏ္ဍ ဖြစ်ပါသည်။

နိုင်ငံသားတိုင်း တက်ကြွစွာပါဝင်လှုပ်ရှားမှုဟုဆိုရာတွင် နိုင်ငံသားများသည် ၎င်းတို့၏ ဒေသနယ်ပယ်အဖွဲ့အစည်းအသီးသီးမှသည် ဝန်းကျင်နယ်ပယ်အသီးသီး၊ ကျေးလက်မှသည် မြို့နယ်၊ မြို့နယ်မှသည် နိုင်ငံတစ်ဝန်း ဥပမာ ရပ်ရွာအတွက် သန့်ရှင်းရေးပြုလုပ်ခြင်းစသည့် Small Campaign မှသည် ငယ်ရွယ်သူလူငယ်များအား ဒီမိုကရေစီအနှစ်သာရ၊ တန်ဖိုးစသည်များကို ပညာပေးဖြန့်ဖြူးပေးသော Big Campaign များဆောင်ရွက်ဖို့ရာအထိ ဆိုလိုခြင်းဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် ကဏ္ဍစုံတွင်နိုင်ငံသားများ၏တက်ကြွစွာပါဝင်လှုပ်ရှားခြင်းသည် ကောင်းမွန်သော ဒီမိုကရေစီဆီသို့ ဦးတည်နေပါသည်။

ဘာကြောင့် ဒီမိုကရေစီလိုချင်ကြပါသလဲ။ အားလုံးအတွက် တန်းတူညီမျှမှုနှင့် လွတ်လပ်ခြင်းကို ဒီမိုကရေစီမှ ရရှိနိုင်မည်ဟုခံယူထားကြခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်မတို့အားလုံး လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ အသားအရောင်၊ သန်စွမ်းသူ၊ မသန်စွမ်းသူ၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ ပစ္စည်းဥစ္စာ၊ ဂုဏ် စသည်တို့ကြောင့် ခွဲခြားဆက်ဆံခံရမှု မရှိစေဘဲ တန်းတူညီမျှမှုနှင့် လွတ်လပ်မှုကို လိုချင်ကြသူများ ဖြစ်ပါသည်။ လွတ်လပ်စွာမွေးဖွားလာကြသည့် လူသားတိုင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခြင်းများကို တန်းတူညီမျှခံစားပိုင်ခွင့်ရှိပါသည်။ မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ ပြည်သူ့ရေးရာတွေမှာ အပြည့်အဝ လွတ်လပ်စွာ ပါဝင်လိုကြပါသည်။ ဒါသည် အခွင့်အရေးဖြစ်သလို တာဝန်လည်း ဖြစ်ပါသည်။

ဒီမိုကရေစီကိုလိုချင်ရင်ဖြင့် ဒီမိုကရေစီ၏သဘောတရားတွေအတိုင်း နေထိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီ၏သဘောတရားတွေအတိုင်း ရဲဝံ့စွာကျင့်ကြံနေထိုင်ကြရမည် ဖြစ်ပါသည်။ ဒီမိုကရေစီ၏ သဘောတရားများကို လေ့လာကြည့်မိသည့်အခါ တိကျစွာ သတ်မှတ်ပေးထားသော သဘောတရားရယ်လို့မရှိဘဲ ကွဲပြားနေသည်ကိုတွေ့ရပါသည်။ အများအားဖြင့်တူညီသည့်အချက်များမှာ နိုင်ငံသားများပါဝင်ခြင်း၊ တန်းတူညီမျှမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ၊ လွတ်လပ်သော စီးပွားရေး၊ လူ့အခွင့်အရေး၊ ပွင့်လင်းမြင်သာမှု၊ ကောင်းမွန်သော အုပ်ချုပ်ရေးတို့ဖြစ်သည်ကို လေ့လာသိရှိရပါသည်။

ဒီမိုကရေစီကျင့်သုံးမှုသည် နိုင်ငံအလိုက်တူညီမှုမရှိ ကွဲပြားနိုင်သော်လည်း ဒီမိုကရေစီနိုင်ငံတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ဖော်ပြပါ သဘောတရားတွေအတွက် ဝိုင်းဝန်းကူညီကြဖို့လိုအပ်သလို အုပ်ချုပ်သူအစိုးရကလည်း ဖြည့်ဆည်းပေးဖို့ရာ အရေးကြီးပါသည်။

ဒီမိုကရေစီ၏သဘောတရားတွေထဲမှတစ်ခုဖြစ်သည့် လူ့အခွင့်အရေးကိုကြည့်မည်ဆိုလျှင် ဖော်ပြခဲ့သလို လူတိုင်း တန်းတူညီမျှမှုနှင့် အခြေခံလွတ်လပ်ခြင်းများကို လိုချင်သည့်အတွက် ဒီမိုကရေစီကိုလိုလားကြခြင်းဖြစ်ပါသည်။ တန်းတူညီမျှမှုနှင့် လွတ်လပ်ခြင်းသည် လူ့အခွင့်အရေး၏ အခြေခံသဘောတရားများဖြစ်ပါသည်။ သို့အတွက် ဆိုရမည်ဆိုလျှင် လူ့အခွင့်အရေးလိုချင်သည့်အတွက် ဒီမိုကရေစီကို လိုလားကြခြင်းလည်းဖြစ်ပါသည်။

၁၉၄၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၂၁(ဂ) တွင် “အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူလွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလ အပိုင်းအခြားအလိုက်ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကိုဖော်ထုတ်ရမည်” ဟု ဖော်ပြထားခြင်းသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ဆက်စပ်နေမှုကို အသိအမှတ်ပြုခြင်းဟု ဆိုနိုင်ပါသည်။

သီအိုရီအားဖြင့် လူ့အခွင့်အရေးအားလုံးသည် နေရာတိုင်းတွင် အတူတူဖြစ်ပါသည်။ လူသားတိုင်း မည်သည့်အရပ်ဒေသမှာပင်ရှိနေနေ ၎င်းတို့၏မွေးရာပါ လူ့အခွင့်အရေးများ ခံစားခွင့်ရှိရပါမည်။ လူ့အခွင့်အရေးဆိုသည် လူသားတစ်ဦး၏ ဘဝနှင့်ဂုဏ်သိက္ခာကို ထင်ဟပ်စေသည့် တန်ဖိုးလည်း ဖြစ်ပါသည်။ လူသားတစ်ဦးဖြစ်သည်နှင့်အညီ အခြေခံလွတ်လပ်ခွင့်များဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အဖွဲ့အစည်းဖွဲ့စည်းဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ မဲပေးပိုင်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယူဆခွင့်တို့ ရှိရမှာဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတိုင်းသည် နိုင်ငံတွင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားများအတွက် လူ့အခွင့်အရေးလေးစားမှု၊ ကာကွယ်စောင့်ရှောက်မှု ခံစားရရှိစေဖို့ ကြိုးစားဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ထောက်ခံမှုရှိသည်ဆိုလျှင် ဒီမိုကရေစီနိုင်ငံအတွင်းမှ ပြည်သူအားလုံးနှင့် အုပ်ချုပ်သူအစိုးရသည် ၎င်းနိုင်ငံအတွင်းရှိ နိုင်ငံရေး၊ ပြည်သူ့ရေးရာ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးစသည့် အခွင့်အရေးအားလုံးကို လေးစားမှုရှိရမည်ဖြစ်သလို လူသားတစ်ဦးချင်းစီ၏ တန်ဖိုးကို အလေးထား၊ လေးစားခြင်းလည်း ရှိရပါမည်။

**ဒီမိုကရေစီစနစ်ကို ထောက်ခံမှုရှိသည်ဆိုလျှင် ဒီမိုကရေစီနိုင်ငံအတွင်းမှ ပြည်သူအားလုံးနှင့် အုပ်ချုပ်သူအစိုးရသည် ၎င်းနိုင်ငံအတွင်းရှိ နိုင်ငံရေး၊ ပြည်သူ့ရေးရာ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးစသည့် အခွင့်အရေးအားလုံးကို လေးစားမှုရှိရမည်ဖြစ်သလို လူသားတစ်ဦးချင်းစီ၏ တန်ဖိုးကို အလေးထား၊ လေးစားခြင်းလည်း ရှိရပါမည်။**

အချုပ်အားဖြင့်ဆိုရလျှင် ကျွန်မတို့သည် စစ်မှန်သော ဒီမိုကရေစီခံစားရရှိနိုင်ဖို့ရာ လူ့အခွင့်အရေးကိုလေးစားရန်နှင့် ကာကွယ်စောင့်ရှောက်ရန် အရေးကြီးပါသည်။ အဖွဲ့အစည်းများ အားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး မရှိဘူးဆိုလျှင်ဖြင့် လူ့အခွင့်အရေးကို အသိအမှတ်ပြုလေးစားခံရမှု အားနည်းနေမည်ဖြစ်ပြီး ဒီမိုကရေစီ အကောင်အထည်ဖော်နိုင်မှုလည်း အားနည်းနေမည်သာ ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီသည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် ထိရောက်မှုရှိပြီး လူ့အခွင့်အရေးကို အသိအမှတ်ပြုသည့် ဝန်းကျင်ကို အထောက်အပံ့ပေးနိုင်ခြင်းဖြစ်သည်ဆိုသည့် အကြောင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆက်စပ်နေမှုကို လေ့လာမိသမျှ ရေးသားလိုက်ရပါသည်။ ။

## အာဆီယံ ဖွဲ့စည်းတည်ထောင်မှု နှစ်(၅၀) ပြည့် ပန်းချီ၊ စာစီစာကုံး၊ ဉာဏ်စမ်းဖြေဆိုပွဲကျင်းပ

**မြောင်းမြ ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အခြေခံပညာအဆင့် ကျောင်းပေါင်းစုံ စာစီစာကုံး၊ ပန်းချီ၊ ဉာဏ်စမ်းဖြေဆိုမှုပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက မြောင်းမြမြို့ အထက(၁) ကျန်စစ်သားဆောင်၌ ကျင်းပသည်။

“ကျောင်းသား ကျောင်းသူတွေ အာဆီယံနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ၊ ယဉ်ကျေးမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေသိစေဖို့ ဒီပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပါတယ်”ဟု လက်ထောက်ပညာရေးမှူး ဦးဝင်းကျော်ကျော်က ပြောသည်။

“ကျောင်းသား ကျောင်းသူတွေ အာဆီယံအသိုက်အဝန်းနဲ့ အရှေ့တောင်အာရှနိုင်ငံများ စုပေါင်းထားတဲ့ အာဆီယံအဖွဲ့အစည်းအကြောင်း ပိုမိုသိရှိလာစေပါတယ်”ဟု အထက (၅) ဆရာမဒေါ်ခင်စန်းဝင်းက ပြောသည်။



အာဆီယံ ဖွဲ့စည်းတည်ထောင်မှု နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ဉာဏ်စမ်းဖြေဆိုပွဲကို ခွင့်ပြုချိန် နှစ်နာရီသတ်မှတ်ထားပြီး မြို့ပေါ်အခြေခံပညာ ကျောင်းများ၊ ကိုယ်ပိုင် အထက်တန်းကျောင်းများမှ ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့်၌ ၁၆ ဦး၊ အလယ်တန်းဆင့်၌ ၁၄ ဦး၊ အထက်တန်းအဆင့် ၂၀၊ စာစီစာကုံး ပြိုင်ပွဲတွင် အလယ်တန်းအဆင့်၌ ၂၂ ဦး၊ အထက်တန်းအဆင့်၌ ၃၁ ဦး စုစုပေါင်း စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲသို့ ၁၀၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပထမ၊ ဒုတိယရရှိသူများမှာ ခရိုင်အဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## သဘာဝဘေးအန္တရာယ်အကြောင်း ရှောင်ရန်၊ ဆောင်ရန်များနှင့် သိကောင်းစရာများဟောပြော

**ကျောက်တော် ဇွန် ၁၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ရွာမပြင်ကျေးရွာအုပ်စု ရွာမပြင်ကျေးရွာ၌ ကျေလက်နေပြည်သူများ သဘာဝဘေးအန္တရာယ်များအကြောင်းကို သိရှိကာ သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် အသိပညာပေးဟောပြောပွဲများကို ယနေ့ မွန်းတည့် ၁၂ နာရီက ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြောက်ဦးခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှောင်ရန်၊ ဆောင်ရန်များနှင့် လိုက်နာမှတ်သားစရာများ၊ သိကောင်းစရာများကို ပါဝါပွိုင့်ဖြင့် ကျေးလက်နေပြည်သူများကို အသေးစိတ်ရှင်းလင်းဟောပြောသည်။ ဟောပြောပွဲသို့ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ကြပြီး သဘာဝဘေးအန္တရာယ်အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်းရာ ခရိုင်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသူများကို သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲကို မြောက်ဦးခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် ဝန်ထမ်းများက ကျေးရွာများသို့ကွင်းဆင်းပြီး ခရိုင်ဦးစီးမှူးက ယခုအချိန်ကာလများတွင် ရခိုင်ပြည်နယ်အတွင်း ရာသီဥတုဖောက်ပြန်တတ်သဖြင့် ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားနိုင်စေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# မြန်မာ့မီးရထားအင်းတော်ဘူတာယာဒ်ဝင်းအတွင်း ကိုးချောင်းဆက်သံလမ်းများတပ်ဆင်ပြုလုပ်နေ



**နေပြည်တော် ဇွန် ၁၉**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် အင်းတော်ဘူတာယာဒ် ဝင်းရှိ ကိုးချောင်းဆက်သံလမ်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကိုးချောင်းဆက်များ ပြုလုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်း တင်ပြကြပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ အင်းတော် ဘူတာယာဒ်ဝင်းတွင် ဆောင်ရွက် လျက်ရှိသော ကိုးချောင်းဆက် သံလမ်းများကို မဲဇာဘူတာနှင့် မော်လူးဘူတာအကြား ရထား လမ်းပိုင်း ၂၅ မိုင်ကို လဲလှယ်အသုံး ပြုသွားမည်ဖြစ်သည်။ သံလမ်းများ တပ်ဆင်ပြီးပါက ရထားပြေးဆွဲမှုမှာ ပိုမိုငြိမ့်ညောင်းစွာ သွားလာနိုင်မည့် အပြင် အဆက်များတွင် ခုန်ခြင်းများ သက်သာသွားမည်ဖြစ်သည်။ သံလမ်း ဆက်များအား မကြာခဏ ပြုပြင်နေ ရမှုများလည်း လျော့နည်းသက်သာ သွားမည်ဖြစ်သည်။

ဆက်လက်၍ RBE ရထားဖြင့် အင်းတော်ဘူတာမှ ထွက်ခွာလာပြီး ဘုံချောင်းဘူတာနှင့် မဲဇာဘူတာကြား ရှိ မိုင်တိုင်အမှတ်(၅၆၂)အနီးတွင် မြေပြိုနေရာကို ကြည့်ရှုပြီး ယင်းနေရာ၌ ကွန်ကရစ်တုံးများဖြင့် အစားထိုးတာပေါင်ပြုပြင်နေခြင်း လုပ်ငန်းများကို လည်းကောင်း၊ ကောလင်းမြို့နယ် ဒေါင်းမြူးချောင်း နံဘေးကမ်းပါးပြို ကာကွယ်ရေးနှင့် ရေလွှဲရေကာလုပ်ငန်း ဆောင်ရွက် ထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကောလင်းမြို့ရှိ မြန်မာ့မီးရထား ဓမ္မာရုံတွင် ဝန်ထမ်း များကို တွေ့ဆုံအမှာစကားပြောကြား ရာတွင် ပြည်သူများနှင့် ဆက်ဆံရာ တွင် ဆက်ဆံရေးကောင်းမွန်စေရန်၊ ပြည်သူ့အကျိုးကို ဆောင်ရွက်သော၊ ပြည်သူလူထု အားကိုးထိုက်သော၊ တာဝန်ကျေပြွန်သော ဝန်ထမ်းများ ဖြစ်လာစေရန် ကြိုးစားဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း မှာကြား သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ဇော်ချောင်းဘူတာ နှင့် ကံကြီးဘူတာကြား မိုင်တိုင်အမှတ် (၅၂၁)နှင့်(၅၂၂)ကြား၌ ယခင်နှစ်က မိုးရွာသွန်းမှုကြောင့် ရထားလမ်း တံတားပျက်စီးခဲ့သော တံတားအမှတ် (၂၈၁)၏နံဘေးတွင် အသစ်ထပ်မံ တည်ဆောက်လျက်ရှိသော ဇော်ချောင်း တံတားသစ် တည်ဆောက်ပြီးစီးမှု ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တံတားမှာ အရှည် ၂၅၆ ပေဖြစ်ပြီး ကမ်းကပ်ခုံနှင့် ရေလယ်တိုင်မှာ သံကူ ကွန်ကရစ်နှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ပေါင်အမျိုးအစား ဖြစ်ပြီး မကြာမီ အဆိုပါတံတားကို အသုံးပြုပြေးဆွဲနိုင်မည်ဖြစ်သည်။

ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် မြို့နယ်ရှိ မြန်မာ့မီးရထားအစည်း အဝေးခန်းမ၌ ပြင်ဦးလွင်ဘူတာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းဆောင်ရွက်မည့် အစီအမံများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

ဆက်လက်၍ ရတနာပုံတယ်လီပို့သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ❖ ရွှေဖုံးမှ

ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံခရီးစဉ်အတွင်း သိလျှင်သိချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံစီးပွားရေးကောင်စစ်ဝန်နှင့် စတင်ညှိနှိုင်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက်တွင်လည်း ဘဏ်စာရင်းများ ထပ်မံပိတ်သိမ်းခံ့မှုသတင်းများအပေါ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးသို့ ၎င်းနေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဖြေရှင်းဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့သည်။

ထို့အပြင် မြန်မာကုန်သည်များ၏ ငွေစာရင်း Account များ ပိတ်သိမ်းခဲ့မှုအား မည်သည့်အတွက်ကြောင့် ပြုလုပ်ခြင်းဖြစ်သည်ကို သိရှိလိုကြောင်း၊ ပိတ်ထားသော မြန်မာနိုင်ငံသားကုန်သည်လုပ်ငန်းရှင်များ၏ ငွေစာရင်းများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန် ရွှေလီမြို့ပါတီကော်မတီအတွင်းရေးမှူးနှင့် ရွှေလီမြို့အစိုးရဌာန ပြည်ပရေးရာတာဝန်ခံတို့ထံ ညှိနှိုင်းအကြောင်းကြားခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြေရှင်းကူညီပေးရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးသို့လည်း ညှိနှိုင်းအကြောင်းကြားခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန် ၁၇ ရက်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ပဲ၊ ပြောင်း၊ နှမ်းအသင်း၌ Bank Account များ ပိတ်ထားခြင်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်းနှင့် ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ပြင်ပအစိုးရအထောက်အကူပြုလူမှုနိုင်ငံရေးအင်အားစုမှ ကိုယ်စားလှယ်များ၊ ပဲ၊ ပြောင်း၊ နှမ်းအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လူအင်အား ၁၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇွန် ၁၈ ရက်တွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး၊ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးတို့ဦးစီး၍ ခရိုင်စီမံခန့်ခွဲရေးကော်မတီဝင်များသည် ရွှေလီမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် ဦးစီးအဖွဲ့နှင့် မူဆယ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ရာ ရွှေလီမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန်က တရုတ်နိုင်ငံ လွှမုန်ကူးပြည်နယ်၊ အန်ဝေပြည်နယ်နှင့် အင်းနားမွန်ဂိုလီးယားတို့တွင် Online မှ လောင်းကစားလုပ်ငန်းများလုပ်ကိုင်ပြီး ငွေကြေးများ တရားမဝင်လွှဲပြောင်းခြင်း၊ ငွေသွင်း/ငွေထုတ်လုပ်ငန်းများ ဆောင်ရွက်နေခြင်းများကြောင့် တစ်ဖက်နိုင်ငံ ရွှေလီမြို့ပေါ်ရှိ ဘဏ်ခွဲများမှ Bank Account ၃၄၉ ခုအား စစ်ဆေးရန်အတွက် ခေတ္တပိတ်ထားခဲ့ရာ မြန်မာနိုင်ငံသားပိုင် Bank Account ၁၃၂ ခု ပါဝင်နေပါကြောင်း သိရသည်။

Online လောင်းကစားမှုကို တရုတ်နိုင်ငံရဲချုပ်ရုံးက တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနေခြင်းဖြစ်ပြီး Bank Account များ စိစစ်ခြင်းမှာ ဆင့်ကဲဆင့်ကဲတင်ပြဆောင်ရွက်ခြင်းဖြစ်၍ အချိန်အနည်းငယ်လိုအပ်ပါကြောင်း၊ အမှုနှင့်မသက်ဆိုင်သော Bank Account များအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် Bank Account များ စိစစ်စစ်ဆေးဖြေရှင်းရေးအတွက်လည်း အထူးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း သိရသည်။

တရုတ်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံက ၂၀၁၇ ခုနှစ် ဇွန် ၁၈ ရက်တွင် ဆက်သွယ်ပြောကြားရာ၌ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ သံရုံးအနေဖြင့် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညှိနှိုင်းအကြောင်းကြားမှုအရ တရုတ်နိုင်ငံအစိုးရသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သို့လည်းကောင်း အသိပေးတင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်တွင် ယူနန်ပြည်နယ်အစိုးရပင်သိရှိခြင်းမရှိဘဲ တိုက်ရိုက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ဘက်မှ ရွှေလီဒုတိယမြို့တော်ဝန်ကို တာဝန်ပေး၍ အဖွဲ့နှင့်ဆောင်ရွက်နေကြောင်းနှင့် အမြန်ဆုံးညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲ သီပေါ၌ ကျင်းပ

**သီပေါ ဇွန် ၁၉**
သီပေါမြို့နယ် ဘော်ကြိုပရဟိတအသင်း၏ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က ဘော်ကြိုဘုရားကြီးကျောင်းတိုက်၌ ကျင်းပရာ ဘော်ကြိုဆရာတော်ဘဒ္ဒန္တဒေဝိန္ဒနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒောဒယတို့က ဩဝါဒစကားချီးမြှင့်တော်မူပြီး တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ကြပြီး သင်တန်းတွင် ထူးချွန်သူများနှင့် နည်းပြများအား ဂုဏ်ပြုပစ္စည်းများပေးအပ်ကာ ကြက်ခြေနီဆေးသေတ္တာကို ဘော်ကြိုကျေးရွာကြက်ခြေနီအသင်းခွဲတာဝန်ခံ ဒေါ်နန်းမြဦးထံ ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက ကယ်ဆယ်ရေးနှင့် လူနာကောက်သင်ခန်းစာများကို လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**







# မင်းဗထူး ရေးသားသည့် ဒီမိုကရေစီခရီးရှည် ဘယ်ခြေညာခြေ စာအုပ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၉**
စာရေးဆရာ မင်းဗထူး ရေးသားသည့် "ဒီမိုကရေစီခရီးရှည် ဘယ်ခြေညာခြေ" စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်ငါးစုအတွင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများ ဖြစ်ပေါ်ခဲ့သော နိုင်ငံများစွာတို့၏ အတွေ့အကြုံများကို စာရေးသူက ရှာဖွေလေ့လာပြီး အဆိုပါနိုင်ငံများတွင် ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုများကို မည်ကဲ့သို့ ဖြေရှင်းခဲ့ကြသလဲ၊ မည်ကဲ့သို့သောအမှားအယွင်းများ လုပ်မိခဲ့ကြသလဲ၊ ထိုအမှားအယွင်းများကို အမှန်ပြန်ဖြစ်စေရန် မည်ကဲ့သို့ အစားထိုးပြင်ဆင်ခဲ့ကြသလဲ စသည်တို့ကို လေ့လာသင်ယူကာ မြန်မာနိုင်ငံအတွက် ဖြစ်လာနိုင်ဖွယ်ရှိသည့် ပြဿနာများကို ဖြေရှင်းရန် အကြံပြုဆောင်းပါးများကို ရေးသားဖော်ပြထားသည်။

ယခုအခါ မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ပိုင်း ဒီမိုကရေစီသက်တမ်း တစ်နှစ်ကျော်လာခဲ့ပြီဖြစ်၍ ဝေဖန်သုံးသပ်သူများကလည်း ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်သုံးသပ်လျက်ရှိနေသော်လည်း စာရေးသူက ထိုသို့ဝေဖန်သုံးသပ်ခြင်းမပြုလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် အစိုးရနှစ်ဆက်၎င်း၏အတွေ့အကြုံအရ ဝေဖန်သုံးသပ်သူများ ထည့်သွင်းစဉ်းစားခြင်းမပြုနိုင်သည့် အခြေအနေအရပ်ရပ်ကို လက်တွေ့အလုပ်လုပ်သူများ နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ခဲ့ကြရ၊ ဖြတ်ကျော်ခဲ့ကြရသည်ချည်း ဖြစ်တတ်သောကြောင့်ဟု စာအုပ်နိဒါန်းတွင် ဖော်ပြထားသည်။

အဆိုပါစာအုပ်တွင် ခေါင်းဆောင်နှင့် စွန့်လွှတ်စွန့်စားမှု၊ အပေးအယူ အလျှော့အတင်း လမ်းကြောင်း၊ အကြိတ်အနယ် ညှိနှိုင်းစရာတွေ ရှိလာဦးမယ်၊ ဒီမိုကရေစီခရီးရှည် ဘယ်ခြေညာခြေ၊ ဘယ်လိုပြောင်းလဲနိုင်သလဲ၊ ဒီမိုကရက် ဗျူရိုကရက် လက်တွဲဆောင်ရွက်၊ ပြောင်းလဲခြင်းမှာ အဖိုးအခရှိသည်၊ ဘုံပြဿနာ ဖြေရှင်းရေးကိုပဲ ဦးစားပေးနိုင်မယ်၊ ဖျက်လိုဖျက်ဆီးသမား မပါဝင်သင့်ပါ၊ ဤခရီး နီးသလား ဝေးသလား၊ ပြည်သူအားလုံးပါဝင်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စသည့် ဆောင်းပါး ၃၆ ပုဒ်ပါဝင်သည်။

**(ကြေးမုံ)**

### ❂ ရွှေတိဂုံစေတီတော်မှ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ က သိင်္ဂုတ္တရကုန်းတော်မြေမြတ်မဟာတွင် ဥက္ကလာပမင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်။

ကကုသန်မြတ်စွာဘုရား၏တောင်ဝှေးတော်၊ ကောဏဂုံမြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်၊ ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်အပါအဝင် ဘုရားလေးဆူတို့၏ ဓာတ်တော်မွေတော်များကို ဌာပနာပြုကာ ညဏ်တော် ၄၄ တောင်(၆၆ပေ)မြင့်သော ရွှေတိဂုံစေတီတော်ကို တည်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဥက္ကလာပမင်းကြီး၊ တပုဿ၊ ဘလ္လိကညီနောင်နှင့် ပြည်သူပြည်သားအများတို့သည် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့သည်။

နောင်သောကာလတွင် ဥက္ကလာပမင်းအဆက်ဆက်နှင့်တကွ မင်းဘုရင်အဆက်ဆက်တို့တိုးချဲ့ပြုပြင်တည်ထားခဲ့ကြရာ လက်ရှိ ၃၂၆ ပေမြင့်သော ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖူးတွေ့ကြရပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘာသာရေးဆိုင်ရာအခမ်းအနားများကို အခါတော်နေ့အလိုက် ကျင်းပလျက်ရှိရာ သီတင်းကျွတ်လတွင် အဘိဓမ္မာအခါတော်နေ့နှင့် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲနှင့် မသိုးသင်္ကန်းများ ကပ်လှူပူဇော်ပွဲ၊ နတ်တော်လနှင့်ပြာသိုလတွင် စာပြန်ပွဲနှင့် စာအောင်သံဃာတော်များအား ဆုနှင်းသဘင်ပွဲ၊ တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက်အခါတော်နေ့နှင့် စုပေါင်းထမနဲထိုးပွဲများကျင်းပ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထမနဲဆွမ်းများကပ်လှူခြင်း၊ သံဃာတော်များအား ထမနဲဆွမ်းများနှင့် ဆွမ်းတော်ကြီးလောင်းလှူခြင်းများ ကျင်းပကြသည်။

**သတင်း-ဇော်မင်းလတ်၊ ဓာတ်ပုံ-ကိုကိုဇော်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇွန် ၁၉**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်)၌ ပြုလုပ်သည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးညဏ်ဝင်းက မွေးနေ့အမှတ်တရစကားပြောကြားပြီး မွေးနေ့အခမ်းအနားကို တက်ရောက်လာကြသူများနှင့်အတူ ကျင်းပကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုမွန်တောင်းခြင်းများ ပြုလုပ်ကြသည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

“အရင်နှစ်တွေတုန်းကတော့ မရောက်ဖြစ်ခဲ့ပါဘူး။ အဝေးကပဲ ဆုတောင်းပေးခဲ့ပါတယ်။ ဒီနှစ်မှာတော့ မွေးနေ့ပွဲကို အရောက်လာပြီး ပါဝင်ဆင်နွှဲခွင့်ရလို့ ဝမ်းသာတယ်။ အမေကျန်းမာပါစေ။ နိုင်ငံတော်အတွက် ဒီထက်မက ပိုမိုဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်” ဟု အခမ်းအနားတက်ရောက်လာသူ ပုဇွန်တောင်မြို့နယ်မှ ဒေါ်အေးအေးမြကြည်က ပြောသည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်)ရှေ့၌ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်အဖွဲ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် ဂုဏ်ပြုသွေးလှူဒါန်းပွဲကို အမျိုးသားသွေးဌာန (ဗဟို)၌ ပြုလုပ်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)**





## မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်လ်အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမေရိကန်သံအမတ်ကြီးနှင့်အတူ သံရုံးမှတာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းသည့် လူငယ်မူဝါဒဖြစ်စေရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မှာကြား

**နေပြည်တော် ဇွန် ၁၉**
မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာကော်မတီက ရေးဆွဲခဲ့သော မူဝါဒအကြမ်း ပေါ်ပေါက်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် Hotel Max ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလူငယ်ထုဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်မြင့်တင်ရေးနှင့် ပါဝင်နိုင်မှုကဏ္ဍတိုးမြှင့်ရေးအတွက် လူငယ်မူဝါဒ အမြန်ဆုံးပေါ်ထွက်ရန် လိုအပ်ပါကြောင်း၊ မူဝါဒရေးဆွဲရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ကြုံတွေ့ရမည်ဖြစ်သော်လည်း လူငယ်များအပါအဝင် ဒေသအဖွဲ့ဝင်များအားလုံး စည်းလုံးညီညွတ်စွာဖြင့် အတူအကွပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ UN Joint Team မှ ဒေါက်တာလှလှအေးက မူကြမ်းရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ အစည်းအဝေးသို့ လူငယ်မူဝါဒ ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ လူငယ်ကိုယ်စားလှယ်များ၊ ပြည်တွင်းအကြံပေးပုဂ္ဂိုလ်နှင့် UN Joint Team မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၈ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မူလတန်းကြိုကျောင်းတွင် ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးထားရှိပြီး ပခုက္ကူခရိုင်အတွင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော Help Age International၊ Action Aid၊ Save the Children၊ The Leprosy Mission Myanmar မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများတိုက်ရိုက်အကျိုးခံစားရမည့် လုပ်ငန်းစီမံချက်များကို စဉ်းစားဆောင်ရွက်ရေး၊ လုပ်ငန်းများ မထပ်စေရေးနှင့် လစ်ဟာမှုမရှိစေရေး၊ ငွေကြေးသုံးစွဲမှုစီမံခန့်ခွဲရာတွင်လည်း ပြည်သူအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်ပေးရေး၊ ဆောင်ရွက်သည့်ဒေသရွေးချယ်ရာတွင်လည်း မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပြည်သူအတွက် အမှန်တကယ်အကျိုးရှိမည့်ဒေသများကို ရွေးချယ်ဆောင်ရွက်သွားရေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင်ပါဝင်ခဲ့သော အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၁၉**
ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၂၅ သိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယနေ့မွန်းလွဲ ၁ နာရီခွဲ တွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံရယူသည်။ **(ဓါတ်ပုံ)**

အလားတူ ပျက်ကျသွားသောလေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀၀ ကို Marga Land Mark ကုမ္ပဏီဥက္ကဋ္ဌ Mr. Stephen Suenက လည်းကောင်း၊ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ဦးသိန်းအောင် (ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်-ငြိမ်း)၊ ဒေါ်ခင်ငွေးမြင့် မိသားစုကလည်းကောင်း လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမေရိကန်သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# Miss Earth Myanmar ဖိုင်နယ်ပြိုင်ပွဲ ဇွန် ၂၄ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဇွန် ၁၉**

Miss Earth Myanmar 2017 အလှမယ်ရွေးချယ်မည့် ဖိုင်နယ်ပြိုင်ပွဲကို ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ည ၆ နာရီမှ ၉ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့အစည်းမှ နေရှင်နယ်ဒါရိုက်တာ ကိုအောင်ကျော် လှိုင် (ကိုတိုက်ဂါး) က ပြောသည်။

အဆိုပါ ဖိုင်နယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည့် ဆန်ခါတင်အလှမယ် ၂၆ ဦးကို ဇွန် ၃ ရက်က တရားဝင်ရွေးချယ်ခဲ့သည်။ Miss Earth Myanmar ပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် ရွေးချယ်ခြင်းခံထားရသည့် အလှမယ် ၂၆ ဦးသည် ပတ်ဝန်းကျင်စောင့်ရှောက်မှုဆိုင်ရာများကို ပြုလုပ်ရမည်ဖြစ်သည်။

"အဓိကကတော့ ရွေးချယ်ထားတဲ့ အလှမယ်တွေက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာကို အလေးအနက်ထားပြီး ဆောင်ရွက်ရမယ်။ ဒီပြိုင်ပွဲက ရုပ်ရည်လှပမှုတစ်ခုတည်းတင် မဟုတ်ဘူး။ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ဘာတွေပိုပြီး ကြိုးစားလုပ်ကိုင်နိုင်မလဲဆိုတာရယ်၊ ပရဟိတလုပ်နိုင်တာရယ်ပါ" ဟု ကိုတိုက်ဂါးက ဆက်လက်ပြောသည်။

Miss Earth Myanmar ပြိုင်ပွဲအတွက် ရွေးချယ်ခြင်းခံထားရသည့် အလှမယ် ၂၆ ဦး အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ဆောင်ချက်များမှာ ဇွန် ၉ ရက်က အင်လျားကန်ရှိ အမှိုက်များ ဆယ်ယူခြင်း၊ ဇွန် ၁၀ ရက်က မြို့တွင်းဈေးဝယ်စင်တာများရှိ ပြည်သူများကို စည်းကမ်းတကျဖြင့် အမှိုက်ပစ်ကြရန် လှုံ့ဆော်ပေးခြင်း၊ ဇွန် ၁၁ရက်က အလှမယ်လောင်းများက ရန်ကုန်မြို့တော်ဝန်နှင့်အတူ ဈေး၊ ပန်းခြံ၊ ကားဂိတ်ပတ်ဝန်းကျင်ရှိပြည်သူများကို အမှိုက်စနစ်တကျ စွန့်ပစ်ရန် လှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ခြင်း အပြင် အခြားလုပ်ဆောင်ချက်များစွာလည်း ပြုလုပ်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် Winner ဆုအဖြစ် Miss Earth Myanmar ဆုအပြင် အခြားဆုများကိုလည်း ပေးအပ်သွားရန်စီစဉ်ထားကြောင်း သိရသည်။ Miss Earth Myanmar Organization မှာ ပထမဦးဆုံးသော ကြီးမှူးကျင်းပမည့် ပြိုင်ပွဲကြီးတွင်အခြားဆုများဖြစ်သည့် Miss Myanmar Air 2017၊ Miss Myanmar Water 2017၊ Miss Myanmar Fire 2017၊ Miss Myanmar Eco-tourism 2017၊ People Choice Award၊ Best National Costume Award၊ Best Evening Gown Award၊ Best Talent Award၊ Best Catwalk Award၊ Best Photogenic Award၊ Best Body Award ၊ Best Face Award တို့ကိုပါ ရွေးချယ်ပေးအပ်သွားမည်ဟု သိရသည်။

**(ခင်ဇာလီ)**

■

**❂ မြန်မာ ယူ-၂၂ မှ**

ယူ-၂၂ အသင်း၊ အင်တာမီလန်လူငယ်အသင်းတို့နှင့် ကစားမည်ဖြစ်သည်။ ယင်းအသင်းကိုနည်းပြချုပ်အဖြစ် လက်ရွေးစင်အသင်းနည်းပြ ဂျာမန်လူမျိုး ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။

မြန်မာယူ-၁၈ အသင်းကို ပြင်သစ်နိုင်ငံသားဘန်လာဘီက နည်းပြချုပ်အဖြစ်ဆောင်ရွက်နေပြီး စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည့် အာဆီယံယူ-၁၈ပြိုင်ပွဲ၊ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိကျင်းပမည့် အာရှယူ-၁၉ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာယူ-၁၈ အသင်းသည် ဖီးနစ်အသင်းအမည်ဖြင့် MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အင်တာမီလန်အသင်းနှင့် မိတ်ဖက်ဆောင်ရွက်ရန် ကမ်းလှမ်းခံထားရပြီး လတ်တလောခြေစမ်းပွဲကစားရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်အသင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် လူငယ်စီမံကိန်းများအပါအဝင် အခြားကိစ္စရပ်များပူးပေါင်းဆောင်ရွက်နိုင်ရန် ကမ်းလှမ်းထားသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၂၂အသင်းတွင် ထပ်မံရွေးချယ်ခံထားရသည့် စည်သူအောင်။

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၉**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့်ပြပွဲကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ အင်းစိန်မြို့နယ် "မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နှင့် သတင်းစာဆရာအသင်း" ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးအကြောင်းကို ပြောကြားသည်။



ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နော်သန္တာဆွေ၊ မြို့နယ်တရားသူကြီး ဦးညီညီထွန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၄၀)မှ ရဲအုပ်မျိုးသန့် ၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဥပဒေ၊ မူးယစ်ဆေးအန္တရာယ်၊ မူးယစ်ဆေးနှင့်ပတ်သက်သော ဉာဏ်စမ်းမေးခွန်းများ၊ သီကောင်းစရာများကို ဆွေးနွေးဟောပြောကြကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ် ပိုစတာများကို လိုက်လံကြည့်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။

**(ဉာဏ်ဟိန်း)**

# အနာဂတ်မျိုးဆက်သစ်ဗိသုကာပညာရပ် အိမ်ပုံဒီဇိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၉**

အနာဂတ်မျိုးဆက်သစ် ဗိသုကာပညာရပ် ကျောင်းသူကျောင်းသားများအတွက် အိမ်ပုံဒီဇိုင်းပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နည်းပညာတက္ကသိုလ်(မန္တလေး)ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာမျိုးညွန့်က "ဗိသုကာကျောင်းသားတွေအနေနဲ့ စိတ်ကူးကြည့်ကြဖို့ ကမ္ဘည်းမော်ကွန်းဝင်လမ်းလေး Dream(အိပ်မက်)ရှိထားမှရမှာပါ။ ကြိုတင်စီစဉ်ထားတာတွေ၊ စိတ်ကူးထားတာတွေမရှိဘူးဆိုရင် အခြေအနေကောင်းပေါ်လာတဲ့အခါမှာ ဘယ်ကနေဘယ်လိုစရမှန်းမသိ ဒါမျိုးတွေဖြစ်တတ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ဧပြီ ၁ ရက်မှစတင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်၊ မော်ဘီ၊ သန်လျင်၊ လှိုင်သာယာ၊ နည်းပညာတက္ကသိုလ်(မန္တလေး) အပါအဝင် နည်းပညာတက္ကသိုလ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိသုကာဆရာကြီးဦးရွှေက "ဗိသုကာစိတ်ဝင်စားတဲ့ ကျောင်းသားကျောင်းသူတိုင်း အင်္ဂလိပ်စာနဲ့ရေးထားတဲ့ စာအုပ်စာတမ်းတွေကို လေ့လာကိုးကားဖို့ အတွေးအခေါ် ကျယ်ပြန့်စေတဲ့လုပ်ငန်းတွေလုပ်ပေးဖို့နဲ့ မန္တလေးဆိုတာ ယဉ်ကျေးမှုရဲ့ဗဟိုဌာနကြီးဖြစ်လို့ အစဉ်အလာကြီးမားတဲ့အတွက် ဆက်လက်ရှင်သန်ရုံတင်မကဘဲ မှန်တဲ့လမ်းကြောင်းနဲ့ သွားနိုင်ရင် ဗိသုကာပညာတိုးတက်မှုဟာ ပိုမိုမြန်ဆန်မယ်လို့ ရည်ရွယ်ရင်း ဒီပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပြီး XMC-Xin Myanmar Architecural Design&Construction Group မန်နေဂျင်းဒါရိုက်တာ ဦးအောင်သိန်းက "ဆောက်လုပ်ရေးနှင့် ဗိသုကာဒီဇိုင်းပုံစံထုတ်ခြင်း"ခေါင်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးရှင်းလင်းခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဗိသုကာပညာရပ်တိုးတက်ထွန်းကားရေးအတွက် ပညာရှင်များမွေးထုတ်ပေးရန်ရည်ရွယ်၍ XMC-Xin Myanmar Architectural Design & Construction Group က ပထမဆုံးအကြိမ်အဖြစ် တာဝန်ယူကျင်းပခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိကြသော နည်းပညာတက္ကသိုလ် မန္တလေး 5 B.Archမှ ပထမဆုရမင်းသက်လှိုင်၊ ပူးတွဲဒုတိယဆုရ ဝေဖြိုးအောင်နှင့် ထက်အောင်လင်း၊ ပူးတွဲတတိယဆုနှင့်နှစ်သိမ့်ဆုရရှိသူများကို ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ သုံးစွဲနိုင်တော့မည်

**ကျောက်ဆည် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ စဉ့်ကိုင်၊ ပလိပ်၊ တံတားဦးမြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ဘယ်လင်းပင်မဓာတ်အားခွဲရုံတွင် ယခင်က ၂၃၀/၃၃/၁၁ ကေဗွီရှိပြီး ဓာတ်တော်၊ ဖီဒါ၏ လိုင်းအလျားသည် စုစုပေါင်း ၃၁ မိုင်ခန့် ရှည်လျားသောကြောင့် မကြာခဏမီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရခွင့်ပြုချက်ဖြင့် 33KV Switchbay အသစ်တစ်ခုတပ်ဆင်ခဲ့ရာ အဆိုပါ Switchbay အသစ်အား MESC ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင်နှင့် စဉ့်ကိုင်လျှပ်စစ်မန်နေဂျာရုံး၊ ဘယ်လင်းပင်မခွဲရုံမှ အရာထမ်း၊ အမှုထမ်းတို့ ပူးပေါင်း၍ တပ်ဆင်ပေးကြောင်း သိရသည်။

ထိုသို့တပ်ဆင်ပေးခဲ့မှုသည် ယခင်က ၃၁ မိုင်ခန့်ရှည်လျားသည့် စဉ့်ကိုင်၊ ဘယ်လင်း၊ ဓာတ်တော်၊ နတ်ရေကန် 33 ကေဗွီလိုင်းသည် စဉ့်ကိုင်၊ ပလိပ်၊ တံတားဦးမြို့တို့မှ သီးသန့်(၁၂)ခွဲထွက်သွားပြီး ကျန်အစိတ်အပိုင်းသည် ၁၉ မိုင်ခန့်သာ သီးသန့်ကျန်ခဲ့သဖြင့် ဖီဒါတွင်ဝန်အားပြည့်လာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်မည် ဖြစ်ကြောင်း သိရသည်။ အကယ်၍ ရာသီဥတုမိုးလေကြောင့် ဓာတ်အားပြတ်တောက်မည်ဆိုပါက လိုင်းစစ်ဆေးရသည့်မိုင်တိုတောင်းသွားသောကြောင့် အချိန်ကြာမြင့်စွာ မီးပြတ်တောက်တော့မည်မဟုတ်ကြောင်းလည်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်း၏ ပြောကြားချက်အရ သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ဂန့်ဂေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်



**နေပြည်တော် ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မင်းရွာအခြေခံပညာအထက်တန်း(ခွဲ)မှ မင်းရွာအခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း၌ကျင်းပခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းနေအရွယ်ကလေးအားလုံးနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်း ပိုမိုကောင်းမွန်စေရေးအတွက် ယခုပညာသင်နှစ်တွင် သတ်မှတ်မှုနှင့်ကိုက်ညီသော ကျောင်းပေါင်း ၅၀၉၉ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်း ကျောင်းအရေအတွက် ၁၀၁၂ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင် အဆင့်တိုးကျောင်းများအတွက် လိုအပ်သော စာသင်ဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများနှင့် ဆရာ ဆရာမများအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုဘဏ္ဍာပေါ်မူတည်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများ အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘအုပ်ထိန်းသူများ၊ ဒေသခံပြည်သူများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

ယနေ့မကွေးတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်းမှာ ၃၇ ဒသမ ၉၈ ရာခိုင်နှုန်းဖြစ်ပြီး ပြည်ထောင်စု၏ ပျမ်းမျှအောင်ချက်ရာခိုင်နှုန်း ၃၃ ရာခိုင်နှုန်းထက်ပိုပါကြောင်း၊ လာမည့်ပညာသင်နှစ်တွင် မိမိတို့ကျောင်း၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း ပိုမိုတိုးမြှင့်အောင် ကြိုးစားကြစေလိုကြောင်း။

၂၀၁၆ ခုနှစ် ယူနက်စကိုပညာရေးအစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကျောင်းထွက်နှုန်းအမြင့်မားဆုံးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်ရာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းထွက်နှုန်းလျော့နည်းပြီး ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းနှုန်းနှင့် သင်ယူပြီးမြောက်နှုန်း ပိုမိုမြင့်မားအောင် ဆောင်ရွက်နေပါကြောင်း။

မူလတန်းကျောင်းသား ကျောင်းသူများအနေဖြင့် မူလတန်းအဆင့်သင်ယူပြီးမြောက်ရေးသည် အဓိကဦးစားပေးဖြစ်ပါကြောင်း၊ ကျောင်းထွက်နှုန်းလျော့နည်းစေရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမကြာခဏ ပျက်တတ်သည့် ကျောင်းသား ကျောင်းသူများ၊ စာတတ်မြောက်မှုအားနည်းသည့် ကျောင်းသား ကျောင်းသူများအား ဂရုတစိုက် ပြန်လည်ကုစားသင်ကြားပေးမှုများကို ယခုနှစ် ဇူလိုင်လကတည်းက မိဘဆရာအသင်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာတွင် မူလတန်းပညာရေးအရည်အသွေးတိုင်းတာရာ၌ စာဖတ်စွမ်းရည်ကိုစစ်ဆေးကြရာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒုတိယတန်း(Grade 2)ကျောင်းသားကျောင်းသူများအား တစ်မိနစ်အတွင်း စာလုံးရေ ၄၀ အထိ ဖတ်နိုင်အောင် ဆရာ ဆရာမများက သင်ကြားလေ့ကျင့်ပေးရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်းပညာပြီးမြောက်ရေးသည် အလွန်အရေးကြီးပြီး ယင်းနောက် အလယ်တန်းပညာရေးကို ဆက်လက်သင်ယူရန်လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ဝါသနာအရ၊ ဆန္ဒနှင့် အရည်အချင်းအရသော်လည်းကောင်း နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများကို ဆက်လက်တက်ရောက်နိုင်ပါကြောင်း၊ အဆင့်မြင့်ပညာကို ဆက်လက်သင်ယူလိုပါက တက္ကသိုလ်များ တက်ရောက်ပြီး ပညာသင်ယူခွင့်ရရှိရန် ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား လူသားကောင်းများဖြစ်လာစေရေး၊ အတူတကွပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရရှိစေရေး၊ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်ရေး၊ တီထွင်ကြံဆဆောင်ရွက်တတ်သူဖြစ်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးပြည့်ဝသော ကျောင်းသား ကျောင်းသူများဖြစ်လာစေရေးအတွက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောင်းသားမိဘများကိုယ်စား ဦးခင်မောင်တင့်က ကျေးဇူးတင်စကားပြောကြားသည်။

ထိုမှတစ်ဆင့် ပညာရေးဝန်ကြီးနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားဆွေးနွေးသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်ရှိ ဟံသာဝတီကျေးရွာအထက်တန်းကျောင်း၊ မြောက်ခင်ရန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း၊ နှမ်းခါးကျေးရွာအခြေခံပညာအထက်တန်းကျောင်း၊ မောက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းများ၏ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ရန်ကုန် ဇွန် ၁၉**

"ယခုလည်းလှူ နောင်လည်းလှူ သွေးလှူပါကကုသိုလ်ရ" (What can you do၊ Give Blood , Give Now, Give Often ) ဆောင်ပုဒ်ဖြင့် ကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိခန္ဓာကိုယ်မှဖြစ်သော သွေးဖြင့် လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်သည်ဆိုသည်မှာ ကြီးမားသော စွန့်လွှတ်အနစ်နာခံခြင်းတစ်မျိုးဖြစ်ကြောင်း၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် သွေးသွင်းကုသရေးလုပ်ငန်းသည် အလွန်အရေးပါကြောင်း၊ သွေးသွင်းကုသခြင်းစနစ် ပိုမိုကောင်းမွန်စေရေးနှင့် သွေးလှူရှင်များအတွက် လုံလောက်သည့် ထောက်ပံ့မှုများရရှိနိုင်ရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သွေးလှူဒါန်းမှုနှင့်ပတ်သက်၍ ပြည်သူလူထုတစ်ရပ်လုံးသိရှိစေရန်အတွက် ယခု အခမ်းအနားများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ကျင်းပသွားစေလိုကြောင်း။

မီဒီယာများအနေဖြင့်လည်း သွေးလှူရှင်များ ပိုမိုများပြားစွာပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆောင်ပုဒ်မှာ "ယခုလည်းလှူ နောင်လည်းလှူ သွေးလှူပါက ကုသိုလ်ရ" ဖြစ်ရာ အရေးကြုံသောအခါမှ လာရောက်လှူဒါန်းမှုမျိုးမဟုတ်ဘဲ သွေးလှူရှင်များအနေဖြင့် ယခုလည်းလှူပါ၊ နောင်လည်း လှူပါ၊ စဉ်ဆက်မပြတ်လှူဒါန်းကြပါ ဟူ၍ လူနာများ၏အသက်ကို ကယ်တင်နိုင်ရေးအတွက် လှုံ့ဆော်ထားခြင်းပင်ဖြစ်ကြောင်း၊ သွေးလှူရှင်များအနေဖြင့်လည်း သွေးလှူလိုက်ရသည့်အတွက် မိမိတွင်ဖြစ်ပေါ်ခံစားရသည့် ကုသိုလ်ပီတိကို မိမိ၏မိတ်ဆွေ၊ သူငယ်ချင်းများကို မျှဝေပြောကြားခြင်းဖြင့် မိမိကဲ့သို့ သွေးလှူရှင်များပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် စေတနာသွေးလှူရှင်များကိုလည်း အထူးဂုဏ်ယူဝမ်းမြောက်စွာ အကြိမ်ကြိမ်လေးစားကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost တို့က ကျေးဇူးတင်စကားများပြောကြားသည်။

ထို့နောက် သွေးလှူဒါန်းရန် ကြိုတင်စာရင်းပေးနိုင်သော Website မိတ်ဆက်ခြင်းကို အခမ်းအနားမှူးကလည်းကောင်း၊ သွေးလှူရှင်များ၏ ထောက်ပံ့မှုအရေးပါပုံများကို အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး သွေးလှူရှင်များကိုယ်စား (၁၂၂) ကြိမ်မြောက် သွေးလှူရှင် မြင်းမူဆရာတော်ကြီးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့ဗဟိုပြုစီမံကိန်းများ ရေးဆွဲအဆိုပြုနိုင်ရေးဆွေးနွေး

**ကလော ဇွန် ၁၉**

ကလောမြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လဝက်အစည်းအဝေးကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ကလောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများ မြို့နယ်စီမံကိန်းဦးစီးရုံး ကြော်ငြာသင်ပုန်း၌ ပွင့်လင်းမြင်သာစွာ ကြော်ငြာထားကြောင်း၊ လာမည့် ဘဏ္ဍာနှစ်တွင် ပြည်သူ့ဗဟိုပြုစီမံကိန်းများ ရေးဆွဲအဆိုပြုနိုင်ရေး မိမိတို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မိမိတို့ရပ်ကွက်၊ ကျေးရွာပြည်သူများ အကြံဉာဏ်ရယူလျက် လိုအပ်သောလုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် အဆိုပြုတင်ပြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၇ရက် နံနက်ပိုင်းက အထက(၁)ရွှေပြည်သာရတနာခန်းမ၌ ကျင်းပစဉ်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၂)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် သမိုင်းမှတ်တမ်းဓာတ်ပုံနှင့် ပန်းချီပြပွဲကျင်းပ

**မန္တလေး ဇွန် ၁၉**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(မန္တလေးတိုင်းဒေသကြီး)က ဦးဆောင်ကျင်းပသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် သမိုင်းမှတ်တမ်းဓာတ်ပုံနှင့် ပန်းချီပြပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၇၃)လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားရှိ သီရိအနုပညာပြခန်း၌ ကျင်းပသည်။ ပြပွဲကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေး မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး၊ ခရိုင်နှင့်မြို့နယ် ဥက္ကဋ္ဌများ တက်ရောက်အားပေးပြီး ဖွင့်လှစ်ပေးသည်။



သမိုင်းမှတ်တမ်းဓာတ်ပုံပြပွဲတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း-ဒေါ်ခင်ကြည်မိသားစု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ငယ်ဘဝမြန်မာဆန်ဆန် ဝတ်စားနေထိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ပြသထားသည်။ ပန်းချီပြခန်းတွင်လည်း ဒေါ်အောင်ဆန်းစုကြည် ပုံတူ ခဲပန်းချီ၊ ရေဆေးပန်းချီ၊ ဆီဆေးပန်းချီပုံကြီးများ၊ ဒုတိယအကြိမ်ပင်လုံညီလာခံ တိုင်းရင်းသားများနှင့် စုပေါင်းရိုက် ထားသောဓာတ်ပုံကို ဆေးရောင်စုံဖြင့် ဂုဏ်ပြုထားသည့် ပန်းချီကားအပါအဝင် ပန်းချီကား ၁၀၀ ကျော် ပြသထားသည်။ သမိုင်းမှတ်တမ်းဓာတ်ပုံနှင့် ပန်းချီပြပွဲကို ဇွန် ၁၉ ရက်မှ ၂၁ ရက် အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိပေမာကျော်နှင့်အဖွဲ့ ဇွန် ၁၆ ရက် နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တို့သို့ သွားရောက်ပြီး အသက်(၉၀)နှင့်အထက် ဘိုးဘွား ၁၂ ဦးတို့အား တစ်ဦးလျှင် သုံးလစာထောက်ပံ့ငွေကို ဘိုးဘွားများလက်ဝယ်သို့ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်စဉ်။ ဖွဲ့မာန်(ထီးချိုင့်)



ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်လင်းနှင့်အဖွဲ့ ဇွန် ၁၄ ရက်က စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြေစာပေါ်တွင်ကပ်နှိပ်ရသည့် အခွန်အမှတ်တံဆိပ်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာဥပဒေများကို ရှင်းလင်းဆွေးနွေးစဉ်။ (ကြေးမုံ)

# မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(နေပြည်တော်ရုံးခွဲ)ဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(နေပြည်တော်ရုံးခွဲ)ကို နေပြည်တော် သပြေကုန်းပွဲရုံတန်း၌ ဖွင့်လှစ်လိုက်ပြီဖြစ်ရာ အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်နေကြသော အိမ်ခြံမြေအကျိုးဆောင်များနှင့် ပြည်သူများအတွက် ရောင်းမှား ဝယ်မှားဖြစ်သည့် အမှားအယွင်းများ နည်းပါးလာမည်ဖြစ်ပြီး အကျိုးရှိလာမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် အိမ်ခြံမြေဈေးကွက်အတွင်း အိမ်ခြံမြေအရောင်းအဝယ်ထက် အိမ်ခြံမြေငှားရမ်းမှုများ ပိုမိုများပြားလာကြောင်း၊ ဒေါ်လာ ၂၀၀၀ ကျော်ပေးဆောင်ငှားရမ်းရသော ကွန်ဒိုတိုက်ခန်းအငှားများ ဈေးမြင့်မားသောကြောင့် အိမ်ခြံမြေငှားရမ်းကြသော နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် အန်ဂျီအိုအဖွဲ့အစည်းများမှ အရပ်ထဲရှိ လုံးချင်းတိုက်ခန်းများကို ငှားရမ်းမှုပိုမိုများပြားလာကြောင်း၊ ရပ်ကွက်များအတွင်း ၎င်းတို့အား တရားဝင်ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုထားသောကြောင့် ဈေးနှုန်းချိုသာသည့် တစ်လလျှင်ဒေါ်လာ ၅၀၀ နှင့် ၁၅၀၀ ကြားရှိသော လုံးချင်းတိုက်ခန်းများကို ပိုမိုငှားရမ်းလာကြကြောင်း၊ သပြေကုန်းနှင့် မြို့မဈေးရှိ ပွဲရုံတန်းများမှာ ယခုအခါ ငှားစရာပင် အခန်းမကျန်ရှိတော့ကြောင်း၊ နေပြည်တော် အိမ်ခြံမြေဈေးကွက်အတွင်း ပြီးခဲ့သည့် မေလပိုင်းက အိမ်ခြံမြေငှားရမ်းမှု ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး အိမ်ခြံမြေဝယ်ယူသူများမှာလည်း ယခင်နှင့်မတူတော့ဘဲ အမှန်တကယ်ကိုယ်တိုင် နေထိုင်ကြမည့် ပြည်သူများက ဝယ်ယူလာကြကြောင်း၊ သပြေကုန်းတစ်ဝိုက် ဧရာဝတီလမ်းဝန်းကျင်အနီး၌ နေရာအကွက်အကွင်း အချက်အချာကျသောကြောင့် ဆိုင်ခန်းဖွင့်သူများနှင့် လုပ်ငန်းလုပ်ကိုင်ကြသူများမှာ နှစ်ရှည်ငှားရမ်းမှုများဖြင့် ပိုမိုစည်ကားများပြားလာခဲ့ကြောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ရွှေကြာပင်တို့တွင် အရောင်း အဝယ်များ ပုံမှန်ရှိနေကြောင်းနှင့် အနာဂတ်ကာလ၌ နေပြည်တော် အိမ်ခြံမြေဈေးကွက်၏ အငှားဈေးကွက်မှာ ပိုမိုကောင်းမွန်လာနိုင်မည်ဟု မျှော်လင့်ရကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ကိုင်နေသော မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(နေပြည်တော်ရုံးခွဲ)မှ ဥက္ကဋ္ဌ ဦးနန္ဒကျော်က ပြောသည်။

အဆိုပါ နေပြည်တော် သပြေကုန်းပွဲရုံတန်း၌ ဇွန် ၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ကဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(နေပြည်တော်ရုံးခွဲ) ဖွင့်ပွဲအခမ်းအနား၌ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်မောင်၊ ဒု-ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အသင်း(နေပြည်တော်ရုံးခွဲ)၌ အလုပ်အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို)မှ သိရသည်။

**(စိုးဝင်း-MLA)**

# ကျောက်ဆည်မြို့တွင် ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များသည် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဇွန် ၁၇ ရက် နံနက်ပိုင်းက မူခင်းအသိပညာပေးဟောပြောမှုများ၊ မှတ်တမ်းဓာတ်ပုံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ပညာပေးဗီဒီယိုဇာတ်လမ်းများပြသ၍ မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ကျောက်ဆည်မြို့နယ် မြင်စိုင်းအလယ်ရပ် ပဏ္ဍိတာရာမစာကြည့်တိုက်ဝင်းအတွင်း၌ ပြုလုပ်ရာ ဆရာတော်အရှင်စိန္တာဝရ(ဆင်ဖြူချပ် ပရဟိတစာသင်ကျောင်း)နှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၇၀၀ ခန့်က လည်းကောင်း၊ ညနေပိုင်းတွင် ကျောက်ဆည်မြို့ သံတော်မြတ်ဘိလပ်မြေစက်ရုံဝင်းအတွင်း၌ စက်ရုံတာဝန်ခံနှင့်စက်ရုံမှ ဝန်ထမ်းအင်အား ၄၀၀ ခန့်က လည်းကောင်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တောင်သူများ စက်များသက်တမ်းစေ့အသုံးပြုနိုင်ရေးနှင့် စက်စွမ်းအားပြည့်အသုံးပြုနိုင်ရေး ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

**မိတ္ထီလာ ဇွန် ၁၉**

မိတ္ထီလာမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သော တောင်သူများအား မိမိတို့ပိုင်ဆိုင်သည့်စက်များ သက်တမ်းစေ့အသုံးပြုနိုင်ရန်နှင့် စက်စွမ်းအားပြည့် အသုံးပြုနိုင်ရန်အတွက် လိုအပ်သော နည်းပညာများကို စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ပူးပေါင်းပြီး လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်းကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂၅) စက်မှုလယ်ယာစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကျော်ကျော်က စက်ပိုင်ဆိုင်သော ဒေသခံတောင်သူများအတွက် အကျိုးရှိစေမည့် လိုအပ်သော နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရန် လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်သော ဗဟုသုတနည်းပညာပြင်ဆင်ထိန်းသိမ်းမှု၊ စက်နှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်က သင်တန်းဖွင့်လှစ်ရခြင်းမှာ မိမိတို့ဦးစီးဌာနမူဝါဒနှင့်အညီ ပြည်သူကို ဗဟိုပြုသည့်အနေဖြင့် ကျေးလက်ဒေသမှ လူငယ်များ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသော နည်းပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရရှိလာသည့် နည်းပညာရပ်များကိုလည်း မိမိတို့ပတ်ဝန်းကျင်မှ လူငယ်များအား ပြန်လည်ဖြန့်ဖြူးပေးသွားကြပါရန် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် လက်တွန်းထွန်စက်၊ ဒီဇယ်အင်ဂျင်၊ ထွန်စက်ကြီး၊ ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ၏ ပြုပြင်ထိန်းသိမ်းမှုနည်းပညာရပ်များကို ဇွန် ၁၉ ရက်မှ ၃၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ရာ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သော တောင်သူ ၃၀ တက်ရောက်ကြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children

World Vision







အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်



Listen FIRST

Listening to children and youth is the first step to help them grow healthy and safe

“ ဦးစွာနားထောင်ပါ ”

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၀၆ စီး၊ သွင်းကုန် ၅၅၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် ၂၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၇၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀ ဒသမ ၅၂၀၃ သန်းခန့်) စုစုပေါင်းတားဆီးမှု ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇ ဒသမ ၂၇၀၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းသည့် သစ်ဆိမ့်ပင်-စွပ်ပွန်းလမ်း၌ ၁၂ ဘီးယာဉ်လေးစီးအား သတင်းရရှိ၍ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသည့် Washing Machine (42)U, Refrigerator (64)U, TableFan (119)U, Jar Pot (24)U, Frying Pan (23)U, Insulating Tape (157)Kg နှင့်တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Double Black Label (1× 12) (120)Pkgs, Gold Reserve (0.75 × 6) (5)Pkgs, Gold Label (0.75 × 12) (160) Pkgs, Black Label (1 × 12) (0.75 × 12) (70)Pkgs, Red Label (1.25 × 12) (1 × 12) (0.75 × 12) (72)Pkgs နှင့် သယ်ဆောင်သည့်ယာဉ် လေးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃ ဒသမ ၇၂၅ သန်းခန့်)ကို တွေ့ရှိရ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၁၉**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

**ဝတ္ထုတို** ပြိုင်ပွဲတွင် ဒေါ်မေစိမ်းဝင်း(ကောင်းကင်မေ-စီးပွားရေးတက္ကသိုလ်)၏ “သားပြန်လာပြီ အမေ” ဝတ္ထုတိုက ပထမ၊ ဦးရဲညွန့်(ရဲရဲထွန်း-ဟသ်ာတ)၏ “မူးယစ်ကင်းစင် ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး” (သို့မဟုတ်) “ဥသျှစ်ပင်လမ်းခွဲရဲ့အောင်ပွဲ” ဝတ္ထုတိုက ဒုတိယ၊ ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)၏ “မဖြူသောအဖြူ မမည်းသောအမည်း” ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးဇော်ဝင်း(စည်သူညွန့်လှ)၏ “အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့”၊ မအိဖြူစံ(ပန်းအိဖြူဖြူ)၏ “လက်ဖဝါးလေးတစ်ဖက်”၊ ဦးဇော်လင်း(လင်းထက်-အင်းတော်ကြီး)၏ “နှောင်းနောင်တ” ဝတ္ထုတိုတို့က လည်းကောင်း၊

**ဆောင်းပါး** ပြိုင်ပွဲတွင် ဦးထိန်လင်း(လင်းအရှဏ်ဦး-ပဲခူး)၏ “ဦးစွာနားထောင်ပါ” ဆောင်းပါးက ပထမ၊ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်- ပဲခူး)၏ “လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့ အန္တရာယ် မူးယစ်ဆန့်ကျင်စို့” ဆောင်းပါးက ဒုတိယ၊ ဒေါ်ခင်နှင်းရီ(ခင်နှင်းရည် - ရန်ကုန်တက္ကသိုလ်) ၏ “သက်ရှည်ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါးတိုက်ဖျက်ပါ” ဆောင်းပါးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးကျော်ဆွေဦး(ကျော်ဆွေဦး) ၏ “အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့”၊ မခြူးရွှေစင်၏ “မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး”၊ ဦးဘဆွေ(ဘိုးရာဇာ-သံဖြူဇရပ်)၏ “လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့အန္တရာယ် မူးယစ်ဆန့်ကျင်စို့” ဆောင်းပါးတို့က လည်းကောင်း၊

**ကဗျာ** ပြိုင်ပွဲတွင် ဗိုလ်ကြီး ညွန့်ဝင်း-ငြိမ်း(ဘုန်းမောင်ဝင်း-ဖျာပုံ)၏ “မူးယစ်သေမင်းမှ သင်လွတ်ကင်းစေချင်” ကဗျာက ပထမ၊ ဦးထွားမောင်(မောင်လွန်းမြိုင်-ပင်လည်ဘူး)၏ “သမိုင်းအမွေဆိုး မူးယစ်မျိုး ထိုးနှက်တော်လှန်တိုက်ဖျက်ရန်” ကဗျာက ဒုတိယ၊ ဦးကျော်ညွန့်(ရေနံ့သာ မောင်ကျော်ညွန့်)၏ “နောင့်ချစ်ညီထွေး မောင်လူမွှေးသို့” ကဗျာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးထွန်းအောင်ကျော် (လက်ာမြင့်မိုရ်) ၏ “လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့ အန္တရာယ် မူးယစ်ဆန့်ကျင်စို့”၊ ဦးစောလွင်(မဟူရာစောလွင်-ပခုက္ကူ)၏ “တွဲလက်တွေ မြဲဆက်လို့ မူးယစ်အန္တရာယ်ကာကွယ်စို့”၊ ဦးဇော်ဝင်း(စည်သူညွန့်လှ)၏ “ကမ္ဘာတစ်ခွင် မူးယစ်စင် စည်ပင်ဖြိုးဖို့ ဆန့်ကျင်စို့” ကဗျာတို့က လည်းကောင်း၊

**တေးသီချင်း** ပြိုင်ပွဲတွင် ဒေါ်ခင်စန္ဒီစိမ့်(အလင်္ကာမေ)၏ “မူးယစ်ဆေးကို ဆန့်ကျင်မယ်” တေးသီချင်းက ပထမ၊ ဗိုလ်ကြီးဉာဏ်ပိုင်စိုး(စစ်သူ)၏ “လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ် မူးယစ်ဆန့်ကျင်စို့” တေးသီချင်းက ဒုတိယ၊ ဦးဇော်ဝင်း(စံကွန့်)၏ “မူးယစ်ရန်ရှောင်ရှား ယနေ့လူငယ်” တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးမောင်မောင်လွင်(လီယိုနာဒ်မောင်မောင်လွင်) ၏ “မူးယစ်ကင်းစင်ပြည်တစ်ခွင်”၊ ဦးသက်လွင် (ဟံသာဒို)၏ “နေ့သစ်များနဲ့ကမ္ဘာ” နှင့် ဒေါ်မေသန့်ရွှေ(ငယ်သန့် - သုခုမ)၏ “ငါတို့တိုင်းပြည်ငြိမ်းချမ်းရေး အနီးလေးပါ” တေးသီချင်းတို့က လည်းကောင်း၊

**ဓာတ်ပုံ** ပြိုင်ပွဲတွင် ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)က ပထမ၊ ဝင်းဇော်ဦး(မင်းဘူး)က ဒုတိယ၊ မင်းဇာနည်ဇော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မယမင်းဝင်းလှိုင်နှင့် ဦးအောင်ကျော်ထွန်း(အောင်ကျော်ထွန်း- ပုသိမ်ကြီး)တို့က လည်းကောင်း၊

**ကွန်ပျူတာပိုစတာ** ပြိုင်ပွဲတွင် ဦးမောင်မောင်ကျော်ဝင်း ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဦးကျော်ဆင့်(ကျော်ဆင့်-တာမွေ) ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မသီရိနန္ဒာရွှေဝါဘုန်း မန္တလေးတိုင်းဒေသကြီးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းထက်ဟိန်း (ပန်းချီ-ကောင်းထက်ဟိန်း) ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ခင်မျိုးမြင့်ရွှေ(ခင်မျိုးမြင့်ရွှေ-စိတ်ပညာ) မန္တလေးတိုင်းဒေသကြီး၊ မောင်ပိုင်စိုးထွန်း(ပိုင်စိုးထွန်း-ရွှေပန်းချီ ရမည်းသင်း) မန္တလေးတိုင်းဒေသကြီးတို့က လည်းကောင်း၊

**ပန်းချီမူလတန်းအဆင့်** ပြိုင်ပွဲတွင် မဧကရီမိုး လေ့ကျင့်ရေး အလက မြစ်ကြီးနားက ပထမ၊ မောင်ဖြိုးမင်းသီဟကျော် အမက(၃၀) လှိုင်က ဒုတိယနှင့် နန်းကေဇင်လင်း အလက(ခွဲ) နမ့်ကွတ် လွိုင်ကော်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဉာဏ်လင်းထက် ကောင်းစုစံပညာ့ရိပ်မွန်ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာ၊ မသန့်နေခြည်ထွန်း Pride International School Myanmar ကမာရွတ်နှင့် မောင်ကောင်းမြတ်သူ အထက(၂) ကျောက်တန်းတို့က လည်းကောင်း၊

**ပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ကောင်းထွဋ်ဟန် အထက(၁) ဘိုကလေးက ပထမ၊ မထက်တင်ဇာမြင့် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မယွန်းပွင့်သူ အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ချမ်းမင်းဖြိုး အထက(ခွဲ-၁) မြဝတီ၊ မောင်သန်းထွဋ် အထက ဖားကန့်နှင့် မထက်နှင်းပွင့် အထက(၁)သန်လျင်တို့က လည်းကောင်း၊

**ပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအေးချမ်းမော် အထက(၂) သန်လျင်က ပထမ၊ မနန်းအွန်ရှဲန် အထက(ဆန်ဆိုင်း) တာချီလိတ်က ဒုတိယနှင့် မောင်သူရမြင့်လှိုင် အထက(မြစ်ငယ်)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအေးရည်မွန်လတ် အထက(၂) စမ်းချောင်း၊ မောင်ကောင်းခန့်ဇော် အထက(၂)ကမာရွတ်နှင့် မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းတို့က လည်းကောင်း၊

**ကာတွန်းမူလတန်းအဆင့်** ပြိုင်ပွဲတွင် မောင်ငွေဘုန်းအောင် မြန်မာ့ပညာရေးအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း မင်္ဂလာဒုံက ပထမ၊ မချမ်းမြသီရိ Young Learner's Development School ကိုယ်ပိုင်မူလတန်းကျောင်း ဒဂုံမြောက်က ဒုတိယနှင့် မသုထက်နေခြည်ဇော် ရန်ကုန် မျှော်လင့်ခြင်း ကျမ်းစာကျောင်း ဗဟန်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မကြည်စင်ဥ အမက(လွန်) သထုံမြို့၊ မောင်မျိုးဝဏ္ဏကျော် အထက(ခွဲ)အလက(၂) ပြည်နှင့် မောင်စိုင်းသော်ဇင်ကို အလက(ခွဲ)တောင်ငူတို့က လည်းကောင်း၊

**ကာတွန်းအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မမြတ်သက်ခိုင် အထကခွဲ အလက(၅) လှိုင်သာယာက ပထမ၊ မောင်စံသုတ အထက(၂)သန်လျင်က ဒုတိယနှင့် မောင်သော်ဇင်ဟိန်း အထက(၁) တောင်ငူက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှုမဝ အထက(၂) ဗဟန်း၊ မမေသဥ္ဇာသွန်း အထက(၄) အလုံနှင့် မဖူးပွင့်ဝေ လေ့ကျင့်ရေး အလက တောင်ငူတို့က လည်းကောင်း၊

**ကာတွန်းအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မဆုမြတ်ရွှန်းဝေ ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာက ပထမ၊ မနန်းဖူးခက်အေးလှိုင် အထက(၁) တောင်ကြီးက ဒုတိယနှင့် မအင်ကြင်းဖူး အထက(၁) ဒဂုံက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မချမ်းမြေ့သူ ရန်ကင်းပညာရေးကောလိပ်၊ မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းနှင့် မောင်ရဲမင်းခန့် အထက(၂) ကျောက်တန်းတို့က လည်းကောင်း၊

**ပိုစတာမူလတန်းအဆင့်** ပြိုင်ပွဲတွင် မဆုနန္ဒာထွန်း အလက(၁) မူဆယ်က ပထမ၊ မောင်အောင်ဖြိုးဇော် အထက(၂) ကျောက်တန်းက ဒုတိယနှင့် မောင်စိုင်းသော်ဇင်ကို အလက(ခွဲ) တောင်ငူက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုသဥ္ဇာ အထက(၃) ပဲခူးနှင့် မခင်မြတ်နိုး အမက(၁) နတ်ကြီးကုန်း မိုးကောင်း၊ မောင်အောင်စစ်ပိုင် အမက(၂) အောင်မြေသာစံတို့က လည်းကောင်း၊

**ပိုစတာအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မအိရွှေစင် အထက ဝက်လက်က ပထမ၊ မရှုမဝ အထက(၂)ဗဟန်းက ဒုတိယနှင့် မသံစဉ်ချို အထက(၄) အောင်မြေသာစံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် နန်းကျေးဖူးလင်း အလက(၁)မူဆယ်၊ မအေးချမ်းသိမ့် GENIUS ကိုယ်ပိုင်အထက်တန်းကျောင်း တာမွေနှင့် မောင်သွင်ထူးဆက် အလက(၃) ဒဂုံမြောက်တို့က လည်းကောင်း၊

**ပိုစတာအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအင်ကြင်းဖူး အထက(၁)ဒဂုံက ပထမ၊ မသိမ့်ယုယ အထက(၃)ပဲခူးက ဒုတိယနှင့် မောင်ရန်ဟိန်းအောင် အထက(၂) ဗဟန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းပြည့်ကျော် Royal Myanmar Education Center သန်လျင်၊ မဖူးမြတ်သော် အထက(၃) ဒဂုံမြောက်နှင့် မောင်ထက်အာကာလင်း အထက(၂) မိုးကောင်းတို့က လည်းကောင်း၊

**ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မထရေဇာဂျာဆန်အောင် အထက(၁) မြစ်ကြီးနားက ပထမ၊ မကြည်ဇင်သန့် အထက(၂) လသာက ဒုတိယနှင့် မဗျားမြာဝင်း အလက(ခွဲ) နမ့်ကွတ် လွိုင်ကော်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မဖူးသစ်ဟေမာန်မျိုးဝင်း အထက(၈) မော်လမြိုင်၊ မထက်တင်ဇာမြင့် အထက(၂)စမ်းချောင်းနှင့် မပြည့်ပြည့်ဖြိုးကျော် အလက(ခွဲ) နမ့်ကွတ်တို့က လည်းကောင်း၊

**ကွန်ပျူတာပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအိမ့်သူသူမွန် အထက(၈) မော်လမြိုင်က ပထမ၊ မအေးရည်မွန်လတ် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မောင်ကြယ်စင် အထက(၇) တောင်ငူက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ရဲရင့်မြတ်သူ အထက(၂)ဗဟန်း၊ မဆုရည်မွန်မြင့် အထက(၂)ဗဟန်းနှင့် မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းတို့က လည်းကောင်း၊

**ဆောင်ပုဒ်** ပြိုင်ပွဲတွင် မယဉ်သူသင်း ညောင်လေးပင်မြို့ ပဲခူးတိုင်းဒေသကြီးမှ “လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့”၊ ဦးအေးကြူ ချောင်းဦးမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ “မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး”၊ ဒေါ်ခင်စန်းရွှေ ကျောက်ဖြူမြို့ ရခိုင်ပြည်နယ်မှ “သက်ရှည်ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါးတိုက်ဖျက်ပါ” ဦးစံရွှေ(စူးရှထက်မြက်-မြင်းမူ) မြင်းမူမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ “အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့” ဆောင်ပုဒ်နှင့် “မူးယစ်စွဲသူဖေးမကူ ရောင်းချသူကို အရေးယူ ပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်” ဆောင်ပုဒ်တို့က လည်းကောင်း အသီးသီးဆုများရရှိကြပါသည်။

**(သတင်းစဉ်)**

# သေချာပြီလား ခရစ္စတီယာနို



"စီရိုနယ်လ်ဒိုကို ခေါ်ယူချင်တဲ့အသင်းက ပေါင်သန်း ၁၅၀ ကနေ ၁၇၀ ကြား အသုံးပြုရမယ်ဆိုတာကို နားလည်ထားပေမယ့် တကယ်တမ်းမှာ ဒီနူန်းလောက်နဲ့ အလုပ်မဖြစ်ပါဘူး။ စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်တို့ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်း ချုပ်ဆိုခဲ့တဲ့ ၂၀၂၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်မှာ ယူရိုတစ်ဘီလီယံလျော်ကြေးပေးပါမှ ရီးယဲလ်က ထွက်ခွာခွင့်ရမယ်ဆိုတဲ့ အချက်ပါဝင်နေပါတယ်။ ဒီနှုန်းထားဟာ မန်ယူအသင်းပြီးခဲ့တဲ့နှစ် နွေဈေးကွက်အတွင်း ပေါ့ဘာအတွက် အသုံးပြုခဲ့တဲ့ဈေးနှုန်းထက် ၁၀ ဆပိုများပါတယ်။ မန်ယူက ဒီလောက်ငွေကို သုံးနိုင်တယ်ပဲထား၊ ဘဏ္ဍာရေးမူခြေစည်းမျဉ်းနဲ့ မကိုက်ညီတာကြောင့် ဘယ်အသင်းကမှ ခေါ်ယူနိုင်ဖို့တတ်နိုင်ကြမှာ မဟုတ်ပါဘူး။ ဒီပမာဏဟာ ရီးယဲလ်က ထွက်ခွာရေးအတွက် သေချာပေါက် အတားအဆီးဖြစ်နေပေမယ့် စီရိုနယ်လ်ဒိုရဲ့အေးဂျင့် ဂျော့ဂျ်မန်းဒက်ဇ်ကတော့ ပေါင် ၁၃၀ အထက် ငွေကြေးနဲ့ ကမ်းလှမ်းမှုဆိုရင် ရီးယဲလ်က လက်ခံလိမ့်မယ်လို့ ယုံကြည်နေပါတယ်။"

"စပိန်မြေကနေ ထွက်ခွာတော့မယ်လို့ ဆုံးဖြတ်ပြီးပြီ။ ဒီကိစ္စရပ်အတွက် ဘယ်တော့မှ နောက်ကြောင်း ပြန်မလှည့်ဘူး" လို့ ဆိုခဲ့သူက ဘောလုံးစူပါစတား စီရိုနယ်လ်ဒို။ အားလုံး သိထားပြီးဖြစ်တဲ့အတိုင်း စီရိုနယ်လ်ဒိုဆိုတာက အားကစားလောကရဲ့ လက်ရှိပုံရိပ် အမြင့်မားဆုံးကစားသမားဖြစ်သလို ဝင်ငွေအားဖြင့်လည်း လီဘရွန်ဂျိမ်းစ်၊ မက်ဆီတို့ကို နောက်ကောက်ချပြီး ထိပ်ဆုံးကရပ်တည်နေတဲ့ ထင်ရှားကျော်ကြားလွန်းသူတစ်ယောက်ပါ။ ချန်ပီယံလိဂ်ဗိုလ်လုပွဲအပြီး ချီးမွမ်းမှုတွေ ပလူပျံအောင် ရနေတဲ့အချိန်မှာ ကောက်ခါငင်ခါဆိုသလို အခွန်လိမ်လည်တယ်ဆိုတဲ့ စွဲချက်တွေထွက်လာပြီး နောက်ဆက်တွဲအနေနဲ့ ရီးယဲလ်ကပါထွက်ခွာဖို့ ဆုံးဖြတ်ထားပြီးဖြစ်တယ်ဆိုတဲ့ သတင်းတွေထွက်လာပါတယ်။

ရာသီသစ် ရီးယဲလ်အသင်းဝတ်ဆင်မယ့် ဂျာစီအရောင်းမြှင့်တင်ရေး ဗီဒီယိုဖိုင်မှာ စီရိုနယ်လ်ဒို ပါဝင်လာခြင်းမရှိပြီးနောက် အခုလို ရီးယဲလ်က ခွာမယ့်ကိစ္စကို စီရိုနယ်လ်ဒိုရဲ့ နှုတ်ကပြောကြားခဲ့တယ်လို့ သတင်းတွေ ထွက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့ကစပြီး ထွက်လာခဲ့တဲ့ ဒီသတင်းတွေဟာ အခုထိမရပ်သေးဘဲ တစ်နေ့ထက်တစ်နေ့ ပိုအားကောင်း ပြင်းထန်လာပြီး ရီးယဲလ်နဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ လမ်းခွဲမှုကို မြင်တွေ့ရတော့မယ်၊ မန်ယူကို ပြန်ရောက်တော့မယ်စသဖြင့် တစ်နေ့တစ်မျိုးမရိုးရအောင်ကို တွေ့နေရတာပါ။ ဒီကြားထဲ စီရိုနယ်လ်ဒိုက သူ့ရဲ့ အင်စတာဂရမ် ဖေ့စ်ဘွတ်လို လူမှုကွန်ရက်စာမျက်နှာတွေမှာ ရီးယဲလ်နဲ့ပတ်သက်တဲ့ အကြောင်း စိုးစဉ်းမျှ မတင်ခဲ့ဘဲ ဒီလိုသတင်းတွေထွက်ပေါ်နေတဲ့အပေါ် ရှင်းချက်တစ်စုံတစ်ရာမပေးခဲ့လို့ နောက်ဆက်တွဲကောက်ချက်ဆွဲမှုတွေကို ပိုပြီး အားကောင်းလာစေတာဖြစ်ပါတယ်။

ဒီတော့ အားလုံးက စီရိုနယ်လ်ဒိုအနေနဲ့ သံယောဇဉ်အရှိဆုံး မန်ယူကိုသာ ပြောင်းနိုင်တယ်လို့ ယူဆနေချိန် ရီးယဲလ်ဥက္ကဋ္ဌဟောင်း ကယ်လ်ဒါရွန်ရဲ့ ပြောစကားတွေကလည်း ဒီလိုယူဆမှုတွေကို မီးလောင်ရာလေပင့်ဆိုသလို ဖြစ်စေခဲ့ပါတယ်။ မန်ယူပရိသတ်တွေကတော့ မစားရဝခမန်းဆိုသလိုဖြစ်နေပြီး အိုးထရက်ဖို့ဒ်ကွင်းအတွင်း စီရိုနယ်လ်ဒိုရဲ့ လှုပ်ရှားပြေးလွှား ဂိုးသွင်းယူမှုတွေကို စိတ်မှန်းနဲ့ပုံဖော်ပြီး လူမှုကွန်ရက်စာမျက်နှာတွေပေါ် မှတ်ချက်တွေ ပလူပျံအောင်ပေးနေကြပါတော့တယ်။

စပိန်မြေကနေ စီရိုနယ်လ်ဒိုခွာတော့မယ်လို့ သတင်းတွေထွက်လာအပြီး မန်ယူ၊ ပီအက်စ်ဂျီတို့က ခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ သတင်းတွေ စပြီး ထွက်လာပေမယ့် ခုတော့ ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်တို့ကပါ ဒီကမ္ဘာ့စူပါစတားလုပွဲထဲ ဝင်ရောက်လာပြန်ပါပြီ။ စီရိုနယ်လ်ဒိုဟာ လက်ရှိအချိန်မှာ အသက် (၃၂)နှစ်ကျော်လွန်လာပြီဖြစ်ပေမယ့် ဘယ်ယစ်မျိုးကိုမျှ မမှီဝဲတဲ့အပြင် ကြံ့ခိုင်မှုကို အထူးအလေးထားသူဖြစ်တာကြောင့် အခုထိ အမြင့်မားဆုံး ခြေစွမ်းတစ်ရပ်ကို ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။

ဒါကြောင့်လည်း မန်ယူက မိုရာတာနဲ့ စီရိုနယ်လ်ဒို နှစ်ဦးပေါင်းအတွက် ဒီဂီယာအပြင် ပေါင် ၁၈၃ သန်း ထပ်တိုး ကမ်းလှမ်းခဲ့တယ်။ ပီအက်စ်ဂျီကတော့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၃၀ လုပ်ခလစာ တစ်နှစ် ပေါင် ၂၇ သန်း၊ ချယ်လ်ဆီးကတော့ အေဒင်ဟာဇက် အပြင် ပေါင်သန်း ၃၀၊ ဘိုင်ယန်ကတော့ ပေါင်သန်း ၁၃၀ နဲ့ အသီးသီး ကမ်းလှမ်းထားကြတယ်လို့ သိရပါတယ်။ စီရိုနယ်လ်ဒိုကတော့ လွန်ခဲ့တဲ့ရှစ်နှစ်က ကျောခိုင်းခဲ့တဲ့ မန်ယူကိုသာ ပြန်လည်ခြေချလိုပြီး အသင်းပြောင်းရင် တစ်ခုတည်းသော ရွေးချယ်မှုက မန်ယူသာလျှင်ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားပြီဖြစ်တယ်လို့ သတင်းတွေထွက်နေပါတယ်။

ကစားသမားက မန်ယူမှမန်ယူ ဖြစ်နေတာကြောင့် သူ့ရဲ့အေးဂျင့်ဖြစ်သူ ဂျော့ဂျ်မန်းဒက်ဇ်က ဖြစ်နိုင်သမျှနည်းလမ်းတွေသုံးပြီး ဒီအပြောင်းအရွှေ့ အကောင်အထည်ပေါ်လာဖို့ ဆောင်ရွက်နေပါတယ်။ ဒါဆို စီရိုနယ်လ်ဒို ရီးယဲလ်ကနေထွက်ပြီး လွန်ခဲ့တဲ့ ရှစ်နှစ်တာကာလက ကျောခိုင်းခဲ့တဲ့ မန်ယူအသင်းကို ပြန်ခြေချမလား၊ ဒါလည်း စဉ်းစားစရာဖြစ်လာပါတယ်။ စီရိုနယ်လ်ဒိုကို ခေါ်ယူချင်တဲ့ အသင်းက ပေါင်သန်း ၁၅၀ ကနေ ၁၇၀ ကြား အသုံးပြုရမယ်ဆိုတာကို နားလည်ထားပေမယ့် တကယ်တမ်းမှာ ဒီနှုန်းလောက်နဲ့ အလုပ်မဖြစ်ပါဘူး။ စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်တို့ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်း ချုပ်ဆိုခဲ့တဲ့ ၂၀၂၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်မှာ ယူရိုတစ်ဘီလီယံလျော်ကြေးပေးပါမှ ရီးယဲလ်က ထွက်ခွာခွင့်ရမယ်ဆိုတဲ့အချက် ပါဝင်နေပါတယ်။ ဒီနှုန်းထားဟာ မန်ယူအသင်း ပြီးခဲ့တဲ့နှစ် နွေဈေးကွက်အတွင်း ပေါ့ဘာအတွက် အသုံးပြုခဲ့တဲ့ဈေးနှုန်းထက် ၁၀ ဆ ပိုများပါတယ်။ မန်ယူက ဒီလောက်ငွေကို သုံးနိုင်တယ်ပဲထား၊ ဘဏ္ဍာရေးမျှခြေစည်းမျဉ်းနဲ့ မကိုက်ညီတာကြောင့် ဘယ်အသင်းကမှခေါ်ယူနိုင်ဖို့ တတ်နိုင်ကြမှာ မဟုတ်ပါဘူး။ ဒီပမာဏဟာ ရီးယဲလ်က ထွက်ခွာရေးအတွက် သေချာပေါက် အတားအဆီးဖြစ်နေပေမယ့် စီရိုနယ်လ်ဒိုရဲ့ အေးဂျင့် ဂျော့ဂျ်မန်းဒက်ဇ်ကတော့ ပေါင် ၁၃၀ အထက်ငွေကြေးနဲ့ ကမ်းလှမ်းမှုဆိုရင် ရီးယဲလ်က လက်ခံလိမ့်မယ်လို့ ယုံကြည်နေပါတယ်။

စီရိုနယ်လ်ဒိုရဲ့ အပြောင်းအရွှေ့လှုပ်ခတ်လာတာကြောင့် အီတလီနိုင်ငံကို အပန်းဖြေခရီးထွက်နေတဲ့ ရီးယဲလ်နည်းပြ ဇီဒန်းက စီရိုနယ်လ်ဒိုကို နားချဖို့ တောက်လျှောက်ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဝင် ပေါ်တူဂီအသင်းနဲ့ ပူးပေါင်းနေတဲ့ စီရိုနယ်လ်ဒိုက ရုရှားနိုင်ငံ ကာဇန်မြို့ ဟိုတယ်မှာ တည်းခိုနေတာကြောင့် ဆက်သွယ်ရမလွယ်ဘဲ ဖြစ်နေပါတယ်။ ဇီဒန်းအနေနဲ့ စီရိုနယ်လ်ဒိုနဲ့ အဆက်အသွယ်ရဖို့ ၄၈ နာရီလောက် အချိန်ယူခဲ့ရပေမယ့် ကစားသမားရဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလဲအောင် မစွမ်းနိုင်ခဲ့ပါဘူး။

ဇီဒန်းက "ကိုယ်တို့အသင်း အောင်မြင်မှုတွေရခဲ့တာက မင်းကြောင့်ပါပဲ။ ကိုယ်တို့က မင်းရဲ့ သွင်းဂိုးတွေကို လိုအပ်တာ မဟုတ်ဘူး။ မင်းရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ကို လိုအပ်တာဖြစ်ပါတယ်" ဆိုတဲ့စကားနဲ့ နားချခဲ့ပေမယ့် စီရိုနယ်လ်ဒိုရဲ့ တုံ့ပြန်မှုကတော့ သိပ်အားရစရာမရှိခဲ့ပါဘူး။ စီရိုနယ်လ်ဒိုက "စပိန်မှာ ကျွန်တော့်ကို ရာဇဝတ်ကောင်လို ဆက်ဆံခံနေရတယ်။ ဒီကိစ္စတွေအားလုံးက မီဒီယာတွေက စခဲ့ကြတာ"လို့ တုံ့ပြန်ခဲ့ပြီး ကွန်ဖက်ဒရေးရှင်းဖလားကြောင့် ဆွေးနွေးချိန် အကြာကြီးမရရှိခဲ့ပါဘူး။ ဇီဒန်းအပြင် ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်ကလည်း စီရိုနယ်လ်ဒို ရီးယဲလ်မှာ ဆက်နေရေးအတွက် ဆက်သွယ်စည်းရုံးခဲ့ပေမယ့် အခုထိ အခြေအနေဟာ ထူးခြားမလာသေးပါဘူး။

မက္ကဆီကိုအသင်းနဲ့ နှစ်ဂိုးစီ သရေကျတဲ့ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ စီရိုနယ်လ်ဒို တက်ရောက်ခဲ့ခြင်းမရှိတာကြောင့် မေးခွန်းတွေများစွာစီထားပြီးဖြစ်တဲ့ သတင်းသမားတွေအတွက်တော့ ခဲလေသမျှ သဲရေကျခဲ့ရပြန်ပါတယ်။ စီရိုနယ်လ်ဒိုဟာ ပုဂ္ဂိုလ်ရေးကိစ္စတွေကို လျှို့ဝှက်တတ်သူဖြစ်တာကြောင့် မီဒီယာတွေအနေနဲ့ တိုက်ရိုက်အဖြေရဖို့တော့ ခက်ပါတယ်။ တစ်ခုသတိထားရမှာက ခု မန်ယူအသင်းကို ကိုင်တွယ်နေတာက မော်ရင်ဟိုပါ။ မော်ရင်ဟိုရဲ့ ရီးယဲလ်နောက်ဆုံးရာသီမှာ စီရိုနယ်လ်ဒို၊ ကားဆီးလက်စ်၊ ရာမို့စ်တို့နဲ့ မပြေလည်တာကို လူတိုင်းသိပြီးသားဖြစ်နေပါတယ်။ ဒါကြောင့် မော်ရင်ဟိုနဲ့ စီရိုနယ်လ်ဒို ကြားရှိခဲ့တဲ့ ဆက်ဆံရေးဟာ မန်ယူပြောင်းရွှေ့ရေး အဆီးအတားနောက်တစ်ရပ်လို့ ရှုမြင်သူတွေလည်း ရှိပါတယ်။

စီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝကို မန်ယူအသင်းက စင်တင်ပေးခဲ့တာဆိုရင် ရီးယဲလ်ကလည်း အကောင်းဆုံးလမ်းခင်းပေးခဲ့တဲ့အသင်းပါ။ သူဟာ မန်ယူအသင်းမှာကတည်းက ဘလွန်းဒီအော်ဆု တစ်ကြိမ်ရရှိပြီးဖြစ်ပေမယ့် ရီးယဲလ်မှာကစားခဲ့တဲ့ ရှစ်နှစ်တာကာလအတွင်း ဘလွန်းဒီအော်ဆု သုံးကြိမ်ရယူနိုင်ခဲ့သလို ယခုနှစ်အတွင်းပြသခဲ့တဲ့ ခြေစွမ်းကြောင့် ၂၀၁၇ ခုနှစ်ဟာလည်း သူ့ရဲ့နှစ်ဖြစ်လာဖို့ ရာနှုန်းပြည့်နီးပါးကို သေချာတဲ့အခြေအနေပါ။ သူ့ရဲ့ တိုးတက်မှုအရှိဆုံးခြေစွမ်းဟာလည်း ရီးယဲလ်မှာမှ တောက်လျှောက်ရရှိခဲ့တာဖြစ်ပြီး ၃၉၄ ပွဲဝင်ရောက်ကစားပြီး သွင်းဂိုး ၄၀၆ ဂိုး၊ ဂိုးဖန်တီးမှု ၁၁၁ ကြိမ်၊ ဆုဖလား ၁၁ လုံးဆိုတာဟာ မယုံနိုင်စရာ မှတ်တမ်းပါ။ အထူးသဖြင့် သူ့ရဲ့သွင်းဂိုးတွေဟာ တစ်ရာသီထက်တစ်ရာသီ ပိုများလာပြီး အသက်(၃၀)ကျော်တဲ့အထိ ခြေစွမ်းလုံးဝ ကျဆင်းသွားခြင်းမရှိဘဲ ရီးယဲလ်လို ထိပ်တန်းအသင်းကြီးတစ်ခုရဲ့ တိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်သူ အခန်းကဏ္ဍက ရှိနေဆဲဆိုတာပါ။ ကမ္ဘာပေါ်မှာ ဘာစီလိုနာကလွဲရင် ဘယ်အသင်းကမှ စီရိုနယ်လ်ဒိုအတွက် ဒီလောက်မြင့်မားတဲ့ အောင်မြင်မှုကို ဆောင်ကြဉ်းပေးနိုင်ဖွယ်မရှိပါဘူး။ ရီးယဲလ်မက်ဒရစ်ဟာ စီရိုနယ်လ်ဒိုအတွက် အောင်မြင်မှုရှာဖွေရာ ရပ်ဝန်း၊ မက်ဆီလို ပြိုင်ဘက်ကောင်းနဲ့ အမြဲတမ်းယှဉ်ပြိုင်ခွင့်ရှိနေတဲ့ လိဂ်၊ ကမ္ဘာ့ထိပ်တန်းကစားသမားတွေ ဝန်းရံနေတဲ့ အခင်းအကျင်းတွေရှိနေတဲ့ ရှားပါးနေရာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ ရီးယဲလ်ကနေ အခွန်ရှောင်တယ်လို့ စွပ်စွဲခံရမှု၊ မီဒီယာတွေရဲ့ မီးမောင်းထိုးဖော်ပြခံရလွန်းမှု၊ ပရိသတ်တွေရဲ့ အားပေးမှုပုံစံ၊ အဝတ်လဲခန်းအတွင်းက ဆက်ဆံရေး စတာတွေကြောင့် ရီးယဲလ်ကို ကျောခိုင်းဖို့ ဆုံးဖြတ်တာဆိုရင် နောက်ထပ်ပြောင်းရွှေ့မယ့်အသင်းဟာ ရီးယဲလ်လောက် တောင့်တင်းမှုမရှိနိုင်တာ သေချာပါတယ်။ အထူးသဖြင့် ဘောလုံးကစားနည်းဆိုတာ တစ်ဦးတစ်ယောက်တည်းအပေါ် လုံးလုံးလျားလျား မှီတည်နေတာမျိုးမဟုတ်ဘူးဆိုတာကို သတိပြုဖို့ လိုအပ်ပါတယ်။ ဒါကြောင့် လတ်တလော စိတ်လှုပ်ရှားမှု၊ ဒေါသထွက်မှု၊ မခံချင်မှုတွေအကြား အလျင်စလို ဆုံးဖြတ်လိုက်တာဆိုရင် အောင်မြင်မှုဆာလောင်တဲ့ စီရိုနယ်လ်ဒိုအတွက် နောင်တရစရာသာဖြစ်ပါလိမ့်မယ်။ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောက်ကြောင်း ပြန်မလှည့်တတ်သူရယ်လို့ ထင်ရှားသူ စီရိုနယ်လ်ဒိုကို ပြန်မေးချင်တာကတော့ "ခရစ္စတီယာနို" သေချာပြီလား. . . ။

**မေလှဲ့သင်း - ရေးသားသည်**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသောအလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အလှကုန်ပစ္စည်းမှတ်တမ်းတင်လက်မှတ်လျှောက်ထားလာသော အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးကို ဓာတ်ခွဲစမ်းသပ်ခဲ့ရာ NightCream၌ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ)များစွာ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယင်းအလှကုန်ပစ္စည်းမှတ်တမ်းတင်ခြင်းကို ငြင်းပယ်ပြီးဖြစ်ကြောင်းနှင့် အများပြည်သူလူထုသုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Collagen Plus Day &NightCream | DuniaHerba AssaggafAlqudri, Malaysia | Mercury (++) in NightCream |

၃။ အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြား ယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူ အနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အလှကုန်ပစ္စည်းမှတ်တမ်းတင်ခြင်းကို ငြင်းပယ်ထား၍ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




# ကျောက်တံတားမြို့နယ်ရှိ ကုမ္ပဏီတစ်ခု၏ လေယာဉ်လက်မှတ်အရောင်းဌာန၌ လုယက်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၁၉**

ကျောက်တံတားမြို့နယ်ရှိ MK Travels & Tour ကုမ္ပဏီလီမိတက် လေယာဉ်လက်မှတ်အရောင်းဌာန၌ ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်က ကျောက်တံတားမြို့နယ်ရှိ MK Travels & Tour လေယာဉ်လက်မှတ်အရောင်းဌာန၌ မပိုးပွင့်ဖြူတစ်ဦးတည်းရှိနေစဉ် အသက်(၂၀)ဝန်းကျင်ရှိ လူငယ်နှစ်ဦးက လေယာဉ်လက်မှတ်စုံစမ်းရန် ရောက်ရှိလာပြီး ၎င်းတို့နှစ်ဦးအနက် တစ်ဦးမှာ ၎င်းအား မှတ်မိခြင်းမရှိစေရန်အတွက် ဦးထုပ်ဆောင်းထားကာ မျက်နှာကို ဆေးရုံသုံး mask အုပ်၍ ရုပ်ဖျက်ထားကြောင်း၊ ၎င်းတို့နှစ်ဦးက မပိုးပွင့်ဖြူ၏ မျက်နှာအား အစိမ်းနုရောင်လက်ကိုင်ပုဝါဖြင့်အုပ်ကာ ချွန်ထက်သော အရာဖြင့် လည်ပင်းအားထောက်၍ အိမ်သာဘက်သို့ ဆွဲခေါ်သွားခဲ့ကြောင်း၊ မပိုးပွင့်ဖြူ၏ ပါးစပ်အတွင်းသို့ အဝတ်စများထည့်ပြီး ပါးစပ်နှင့်မျက်နှာတို့တွင် အနက်ရောင်တိပ်ဖြင့် ပတ်ကာ ခြေထောက်နှင့်လက်များကို နိုင်လွန်ကြိုးဖြင့် တုပ်ထားခဲ့ကြောင်း၊ မပိုးပွင့်ဖြူဝတ်ဆင်ထားသော စိန်လက်စွပ်တစ်ကွင်း တန်ဖိုးငွေကျပ် ၁၇၀၀၀၀၊ MC ရွှေဟန်းချိန်းတစ်ခု တန်ဖိုးငွေကျပ် ၃၀၀၀၀၀ တို့အား ယူဆောင်ခဲ့သည့်အပြင် ကုမ္ပဏီရုံးခန်းအံဆွဲအတွင်းမှ ငွေကျပ်သိန်း ၇၀ ခန့်ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

မှုခင်းဖော်ထုတ်ရေး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးချက်အရ အဆိုပါအရောင်းဌာနတွင် ဝန်ထမ်းသုံးဦးသာရှိပြီး မြတ်သီဟထွန်း(ခ)သီဟဆိုသူမှာ အခင်းဖြစ်ရက်က ရုံးသို့ရောက်ရှိလာခြင်းမရှိဘဲ ပျက်ကွက်နေကြောင်းသိရသည့်အပြင် CCTV မှတ်တမ်းများအရ ပြစ်မှုကျူးလွန်သူနှစ်ဦးအနက် တစ်ဦးမှာ ၎င်းနှင့်ပုံသဏ္ဍာန်တူညီကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် မြတ်သီဟထွန်း(ခ)သီဟ သွားလာနိုင်သည့်နေရာများသို့ စုံစမ်းရှာဖွေခဲ့ပြီး ယင်းရက် ညနေ ၆ နာရီခန့်က အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ယူစစ်ဆေးခဲ့ရာ သူငယ်ချင်းဖြစ်သူ ဖွဲ့မာန်ဦးနှင့်အတူ ကျူးလွန်ခဲ့ကြောင်းကို ည ၉ နာရီတွင် ဖော်ထုတ်ရရှိခဲ့ကြောင်း၊ မြတ်သီဟထွန်း(ခ)သီဟ၏ ဖော်ထုတ်ချက်အရ MK Travels & Tour အရောင်းဌာနတွင် အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး အလုပ်မှထွက်သွားရာမှ လွန်ခဲ့သောသုံးလခန့်တွင် ပြန်လည်ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ အခင်းမဖြစ်မီ နှစ်ရက်ခန့်က သူငယ်ချင်းဖြစ်သူ ဖွဲ့မာန်ဦးနှင့်တွေ့ဆုံပြီး ငွေကြေးအခက်အခဲများရှိသဖြင့် ပြစ်မှုကျူးလွန်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဖွဲ့မာန်ဦးအား ဇွန် ၁၉ ရက် နံနက် ၁ နာရီခန့်တွင် ၎င်းနေထိုင်သော တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်ရှိ နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး အမှုမှ လုယက်ယူဆောင်သွားသော စိန်လက်စွပ်တစ်ကွင်း၊ MC ဟန်းချိန်းတစ်ခုနှင့် ငွေကျပ် ၆၅၇၂၃၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သောကြောင့် ပြစ်မှုကျူးလွန်သူ ၎င်းတို့နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(စိုးဝင်း-MLA)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွင်းတည်ဆောက်မည့် Box-Culvert (၁၄၄)စင်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်၊ အုတ်၊ သံချောင်းလုံးအပါအဝင် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် တင်ဒါအာမခံကြေးပေးသွင်းပြီး ၂၀-၇-၂၀၁၇ ရက်(ကြာသပတေးနေ့) နံနက်၁၀နာရီတွင် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့လာရောက်၍ တင်ဒါတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၀-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၅၆-၃၀၀၃၆

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ဖြည့်စွက်ခြင်း

ဦးမြဟန်၏သမီး မင်္ဂလာတောင်ညွန့် အထက(၁)မှ ဒေါ်ပင်စီမြဟန်[၁၂/မဂတ(နိုင်)၀၀၆၈၃၈]အားဒေါ်ပင်စီမြဟန်(ခ)ဒေါ်နွယ်နီဟန်ဟု ဖြည့်စွက်ခေါ်ပါရန်။

**ဒေါ်ပင်စီမြဟန်(ခ)ဒေါ်နွယ်နီဟန်**

## မိဘအမည်မှန်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အထက(၁)ဒသမတန်း(A)မှ ကျွန်မမဝင်းထက်ထက်၏ဖခင် ဦးမောင်မောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အိမ်ထောင်စုလူဦးရေစာရင်းအရ အိမ်ထောင်ဦးစီး ဦးလားဗဟာဒူး(ခ)ဦးမောင်မောင်[၇/ဖမန(နိုင်)၀၉၄၇၅၈]မှာတစ်ဦးတည်း ဖြစ်ပါသည်။

**ဦးလားဗဟာဒူး(ခ)ဦးမောင်မောင်**

## မိဘအမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၇)ရပ်ကွက်၊ အလက (၉) ဆဋ္ဌမတန်း(A)မှ မမိုးပွင့်စံ၏ဖခင် ဦးမောင်မောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အိမ်ထောင်စုလူဦးရေစာရင်းအရ အိမ်ထောင်ဦးစီး ဦးလားဗဟာဒူး(ခ)ဦးမောင်မောင်[၇/ဖမန(နိုင်)၀၉၄၇၅၈]မှာတစ်ဦးတည်းဖြစ်ပါသည်။

**ဦးလားဗဟာဒူး(ခ)ဦးမောင်မောင်**

## အမည်မှန်

မြို့မ၊ အထက၊ လှည်းကူးမြို့နယ်ရှိ အဋ္ဌမတန်း(C)မှ မောင်နိုင်လင်းထွဋ်နှင့် ပဥ္စမတန်း(D)မှ မစုပြည့်ပြည့်တို့၏ ဖခင် မှတ်ပုံတင်အမှတ်[၉/စကတ(နိုင်)၀၂၂၅၈၄]ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးဝင်းဖြစ်ကြောင်း။

## အမည်ပြောင်း

ဦးသန့်ဇော်ဇော်လှ[၁၂/ကမတ(နိုင်)၀၄၉၈၀၄]၏သမီး အလက(၁) ဒဂုံမြို့နယ်၊ KG(C)မှမနှင်းသန့်နဒီလှအား မဖြူစင်သဒ္ဒါဟု ပြောင်းလဲခေါ်ပါရန်။

**မဖြူစင်သဒ္ဒါ**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ စီမံ/စီးပွားလမ်းနေ ဦးမင်းဇော်၏သား မောင်ကောင်းမြတ်မင်း[၁၂/ဒဂမ(နိုင်)၀၄၇၇၀၈] ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၄-၂၀၀၆ဖြစ်ပါသည်။

**"LOTTE SHOPPING COMPANY LIMITED(MYANMAR BRANCH OFFICE)"**

Notice Under Section 206(1) of
The Myanmar Companies Act

At the Board of Director of the Company held at company's metting room on **26th April 2017**, the resolution to **Closure of Lotte Shopping Company Limited (Myanmar Branch office)** and appoint Daw Khin Oo Han(CPA Registration No.PA1027) as the liquidator was passed with a board of director resolution.

In light of such Resolution, all persons claiming to be creditors of the Company are requested to submit details of their clamis together with solid documentary evidence to support such claims in their possession, to the liquidator at the address given below on (14-8-2017)or before that day.

**Mr. Yang Seung Jin**
**Representative of the office**
**(General Manager)**
**Lotte Shopping Company Limited (Myanmar Branch Office)**
**Daw Khin Oo Han (Liquidator)**
**TRUST Auditing & Financial Consultancy Co.,ltd.**
**No.19/A, 2nd Floor, Yonegyi Street,**
**Kyeemyindaing Township, Yangon, Myanmar**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန**
**(နေပြည်တော်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ကျောင်းပြင်ပနှင့်တစ်သက်တာပညာဦးစီးဌာနအတွက် လိုအပ်သည့် ရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုပ်မြင်သံကြားစက်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ
(ခ) ရုံးသုံးယာဉ်များ
(ဂ) ရုံးသုံးစက်ပစ္စည်းများ
(ဃ) ရုံးသုံးပရိဘောဂများ

တင်ဒါပိတ်ရက်-(၂၀-၇-၂၀၁၇)ရက်၊ မွန်းလွဲ ၃နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။ Website ဖြစ်သော dae.moe-st.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၃၀၄၉၈၊ ၀၆၇-၄၃၀၄၉၉၊ ၀၉-၂၅၅၀၇၁၄**

**မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်စဉ်၊ ITCSD (၃/၂၀၁၇)**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအတွက် လိုအပ်သော အောက်ပါစက်ပစ္စည်းများနှင့်တပ်ဆင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည့် စက်ပစ္စည်းများ (Hardware & Software) များမှာ-

(က) Packet Capture Monitoring and Troubleshooting Device (1)Unit
(ခ) Long Term Packet Storage For Security Forensics (1)Unit
(ဂ) Web Security System (1)Unit

၃။ တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းများအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံ/ဘဏ္ဍာ/ထောက်ပံ့ဌာန၊ ရုံးအမှတ်(၂)နေပြည်တော်တွင် ၂၁-၆-၂၀၁၇မှ ၄-၇-၂၀၁၇ရက်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများအား ၂၀-၇-၂၀၁၇ရက် ၁၃း၀၀နာရီနောက်ဆုံးထား၍ ဤဦးစီးဌာနသို့သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါအဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
ညွှန်ကြားရေးမှူး၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ S-12 အိတ်ချိန်းရုံးနေပြည်တော် ဖုန်း-၀၆၇-၄၂၂၂၇၄၊ ၀၆၇-၄၂၂၂၇၂(ရုံးချိန်အတွင်း)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သတင်းအချက်အလက်နည်းပညာနှင့်**
**ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဉက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀)ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး




**(က) နိဒါန်း**

၂၀၁၇ ခုနှစ်ဟာ ကမ္ဘာ့နိုင်ငံရေးမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲတွေနဲ့ ပြည့်နှက်နေတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။ အစဉ်အလာကြီးမားခဲ့တဲ့ ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ကြီးထဲကနေ ဗြိတိန်နိုင်ငံ ခွဲထွက်ဖို့ ပြည်သူအများစုက ဆန္ဒပြုခဲ့ကြတဲ့အတွက် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ အီးယူအဖွဲ့ကြီးနဲ့ ခွဲထွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတွေ စတင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

ဒ့ါအပြင် ကမ္ဘာ့နိုင်ငံတွေအကြား လွတ်လပ်စွာကုန်သွယ်မှုတွေ ပြုလုပ်ဖို့ အစဉ်တစိုက်တိုက်တွန်းကြိုးပမ်းခဲ့တဲ့ အမေရိကန်ပြည်ထောင်စုမှာ သမ္မတအသစ်ဖြစ်လာတဲ့ ဒေါ်နယ်ထရမ့်ဟာ လွတ်လပ်စွာကုန်သွယ်မှုထက် အမေရိကန်နိုင်ငံရဲ့ အကျိုးစီးပွားကိုသာ ပထမဦးစားပေးမယ်ဆိုတဲ့ America First မူဝါဒကို ချမှတ်ဖော်ထုတ်ခဲ့ပါတယ်။ သမ္မတသစ် ဒေါ်နယ်ထရမ့်ရဲ့ အိမ်ဖြူတော်ကနေ ပထမဆုံးထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာကလည်း အဖွဲ့ဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံပါဝင်တဲ့ ပစိဖိတ်ဖြတ်ကျော် လွတ်လပ်စွာကုန်သွယ်မှု မိတ်ဖက်အဖွဲ့ (Trans-Pacific Partnership-TPP) ကနေ အမေရိကန်နိုင်ငံ နုတ်ထွက်ကြောင်း ကြေညာတဲ့အမိန့်စာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာတော့ ကမ္ဘာပေါ်မှာ အကြီးဆုံး ကွန်မြူနစ်ပါတီကြီးဖြစ်တဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးနဲ့ တရုတ်နိုင်ငံရဲ့ သမ္မတဖြစ်တဲ့ ရှီကျင့်ဖျင်ဟာ ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မှာ ပြုလုပ်တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှု ဖြစ်စဉ် (Globalization) နဲ့ လွတ်လပ်စွာ ကုန်သွယ်မှုတို့ရဲ့ အရေးပါမှုကို ကာကွယ်ပြောကြားခဲ့ပါတယ်။

သမ္မတ ရှီဟာ တရုတ်နိုင်ငံကို ဗဟိုပြုပြီး အာရှ-ပစိဖိတ်နိုင်ငံများ၊ ဥရောပနိုင်ငံများနဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး စတဲ့ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်မယ့် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road) စီမံချက်ကြီးကို အကောင်အထည်ဖော်လျက်ရှိရာမှာ ပြီးခဲ့တဲ့ မေလ ၁၄ ရက်ကနေ ၁၅ ရက်အထိ ပေကျင်းမြို့မှာ ပထမအကြိမ် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု ထိပ်သီးအစည်းအဝေးကြီးကို ကျင်းပပြုလုပ်ခဲ့ရာမှာ နိုင်ငံ ၂၉ နိုင်ငံက နိုင်ငံအကြီးအကဲနဲ့ အစိုးရအဖွဲ့ အကြီးအကဲတွေ၊ နိုင်ငံပေါင်း ၁၃၀ နဲ့ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၇၀ က ကိုယ်စားလှယ်တွေ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

ဒါဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံချက်ကို မူလက နှစ်နိုင်ငံချင်းအလိုက် ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်နေရာကနေ သက်ဆိုင်တဲ့ နိုင်ငံအားလုံး ပါဝင်တဲ့ နိုင်ငံစုံ ညှိနှိုင်းဆွေးနွေးပူးပေါင်း ဆောင်ရွက်မယ့် Multilateral cooperation mechanism တစ်ခုအဖြစ် စတင်ပြောင်းလဲလိုက်ခြင်းလို့ ပြောနိုင်ပါတယ်။

အခုလို ကမ္ဘာ့နိုင်ငံရေးမှာ ထင်မှတ်မထားတဲ့ အပြောင်းအလဲတွေ ကျယ်ကျယ်လောင်လောင် ဖြစ်ပေါ်နေချိန်မှာ အရှေ့တောင်အာရှဒေသမှာတော့ အာဆီယံရဲ့ နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွေကို သိုသိုသိပ်သိပ် ကျင်းပဖို့ စီစဉ်နေကြပါတယ်။

၁၉၆၇ ခုနှစ်မှာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း-အာဆီယံ (Association of Southeast Asian Nations -ASEAN) ဟာ ၂၀၁၇ ခုနှစ်မှာ နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့တဲ့အတွက် အာဆီယံရဲ့ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မှာဖြစ်ပါတယ်။ အခုနှစ်အတွက် အာဆီယံအလှည့်ကျ ဉက္ကဋ္ဌဟာ ဖိလစ်ပိုင်နိုင်ငံဖြစ်တဲ့အတွက် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်ပြီး အထိမ်းအမှတ်အခမ်းအနားတွေကို ကျင်းပသွားဖို့ရှိပါတယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံအကျယ်အဝန်း၊ လူဦးရေ၊ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ ဘာသာစကား၊ သမိုင်းကြောင်းအားဖြင့် မတူကွဲပြားခြားနားကြတဲ့ နိုင်ငံ (၁၀)နိုင်ငံနဲ့ ဖွဲ့စည်းထားတဲ့ အာဆီယံဟာ ဒီနှစ်ပေါင်း (၅၀)အတွင်းမှာ အဖွဲ့ဝင်နိုင်ငံများအကြား အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ မှုနဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ရေးဆိုတဲ့ မူကြီးတွေကို ခိုင်ခိုင်မာမာ ကာကွယ်နိုင်ခဲ့တဲ့ အောင်မြင်မှုတွေရရှိခဲ့ပါတယ်။

တစ်ချိန်တည်းမှာလည်း ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲတွေကြောင့် မျှော်လင့်မထားတဲ့ အခက်အခဲပေါင်းများစွာကိုလည်း အာဆီယံရဲ့ ဆွေးနွေးညှိနှိုင်းပြီး တူညီဆန္ဒရယူခြင်း (Consultation and Consensus) ဆိုတဲ့ အာဆီယံနည်းလမ်း (ASEAN Way) နဲ့အညီ အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပြီး မထင်မှတ်ထားတဲ့ ရလဒ်တွေကို ဖော်ဆောင်ပေးနိုင်ခဲ့တဲ့အတွက် အာဆီယံကို နိုင်ငံရေးအရ ပဥ္စလက်အသင်းကြီး (political miracle) လို့တောင် တင်စားခေါ်ဝေါ်ခဲ့ကြရပါတယ်။

အလားတူ အာဆီယံဟာ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအရလည်း ကမ္ဘာပေါ်မှာ အရေးပါတဲ့ အဖွဲ့ကြီးတစ်ဖွဲ့အဖြစ် ပေါ်ထွက်လာနေပါတယ်။ အာဆီယံကို နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်စဉ်းစားမယ်ဆိုရင် အာဆီယံရဲ့ စုပေါင်း ဂျီဒီပီဟာ ၂ ဒသမ ၄ ထရီလီယံဒေါ်လာရှိပြီး ကမ္ဘာပေါ်မှာ စီးပွားရေးအရ သတ္တမမြောက် အင်အားအကြီးဆုံးဖြစ်ပါတယ်။

အလားတူ လူဦးရေသန်းပေါင်း ၆၀၀ ကျော်ရှိတဲ့ အာဆီယံဟာ ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး ဈေးကွက်ကြီးတစ်ခုဖြစ်သလို တရုတ်နဲ့အိန္ဒိယပြီးရင် ကမ္ဘာပေါ်မှာ တတိယမြောက်အကြီးဆုံး လုပ်သားအင်အားရှိတဲ့အတွက် အလားအလာကောင်းတွေနဲ့ ပြည့်နေတဲ့ဒေသကြီး ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကနဲ့ လုံးဝမတူညီတဲ့အတွက်လည်း အာဆီယံအဖွဲ့ကြီးဟာ သူ့ရဲ့ လုပ်နည်းလုပ်ဟန်တွေ ပြန်လည်ပြင်ဆင်ဖို့လိုအပ်နေပြီလို့လည်း ထောက်ပြနေသူတွေ ရှိနေပါတယ်။

ဘယ်လိုပဲပြောပြော အာဆီယဟာ နှစ်ပေါင်း ၅၀ အတွင်း အရှေ့တောင်အာရှဒေသအတွင်းမှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ခဲ့တယ်၊ ဒေသပြင်ပ အင်အားကြီးနိုင်ငံတွေရဲ့ နိုင်ငံရေးနဲ့ စစ်ရေးပြိုင်ဆိုင်မှုတွေအကြားမှာ မြေဇာပင်အဖြစ်မခံဘဲ ရှောင်ရှားနိုင်ခဲ့တယ်ဆိုတဲ့ အချက်တွေကိုတော့ ဘယ်သူမှ မငြင်းနိုင်ကြတာ အမှန်ပဲဖြစ်ပါတယ်။ အခုဒီဆောင်းပါးမှာ အာဆီယံစတင်ပေါ်ပေါက်လာမှု၊ အာဆီယံအသင်းကြီးရဲ့ လုပ်ငန်းစဉ်တွေ၊ ရှေ့မျှော်မှန်းချက်တွေကို လေ့လာဖော်ပြသွားမှာ ဖြစ်ပါတယ်။

အာဆီယံအနေနဲ့ နှစ်ပေါင်း ၅၀ သက်တမ်းအတွင်း ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေး၊ စီးပွားရေး ဖြစ်စဉ်တွေအပေါ်မှာ ပြန်လည်လေ့လာပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် သင်ခန်းစာယူနိုင်မယ်ဆိုရင် အာရှနဲ့ပစိဖိတ်ရာစုနှစ်ဖြစ်မယ်လို့ နိုင်ငံရေးပညာရှင်တွေ ဟောကိန်းထုတ်ထားတဲ့ ၂၁-ရာစုမှာ အာဆီယံဟာ နိုင်ငံရေးနဲ့ စီးပွားရေးအရ ရှေ့တန်းကို ပိုမိုရောက်ရှိလာပြီး မထင်မှတ်ထားတဲ့ရလဒ်တွေကို ဆက်လက်ဖော်ဆောင်သွားနိုင်မယ့် အနေအထားမှာ ရှိနေပါတယ်။



အာဆီယံအသင်းကြီး၏ အမှတ်တံဆိပ်




အာဆီယံအဖွဲ့ဝင်နိုင်ငံများ

**(ခ) အရှေ့တောင်အာရှဒေသတွင်း ပေါင်းစည်းရေးအစ**

အရှေ့တောင်အာရှဒေသရဲ့ သမိုင်းကြောင်းကို ပြန်လေ့လာကြည့်ရင် ဘာသာရေးအရ ရန်လိုမှုတွေ၊ ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ ပြည့်နှက်နေတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ အင်အားကြီး အနောက်နိုင်ငံ နယ်ချဲ့တွေဖြစ်တဲ့ ဗြိတိန်၊ ပြင်သစ်နဲ့ ဒတ်ချ်တို့ဟာ အရှေ့တောင်အာရှမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေကို ကွဲပြားစေခဲ့ပြီး သူတို့ရဲ့ လက်အောက်ခံဒေသတွေအဖြစ် အုပ်ချုပ်ခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာလည်း ဂျပန်တပ်ဖွဲ့တွေဟာ အရှေ့တောင် အာရှဒေသတစ်ခုလုံးနီးပါးကို သိမ်းပိုက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံ တစ်နိုင်ငံတည်းကိုသာ သူ့ရဲ့ မဟာမိတ်နိုင်ငံအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဂျပန်အစိုးရဟာ-အရှေ့အာရှ သာတူညီမျှ ကောင်းစားရေးမူဝါဒ-(Greater East Asian Co-Prosperity) ကို ဖော်ထုတ်ပြီး အရှေ့တောင်အာရှဒေသကို အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဒီလိုအယူအဆမျိုးဟာ အရှေ့တောင်အာရှဒေသမှာရှိတဲ့ နိုင်ငံခေါင်းဆောင်တွေအဖို့ မျှော်မှန်းချက် အသစ်အဆန်းတစ်ခုဖြစ်နေခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့အချိန်မှာတော့ အရှေ့တောင်အာရှဒေသဟာ သမိုင်းကြောင်း အမွေအနှစ်တွေအဖြစ် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုတွေ၊ အပြန်အလှန် မယုံကြည်မှုတွေနဲ့ အကွဲကွဲအပြားပြား ကျန်ရစ်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းမှာ ကွန်မြူနစ်သောင်းကျန်းမှုတွေ အခြေခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့တဲ့အတွက် ကျန်အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလုံခြုံရေးအပေါ် အလေးအနက်ခြိမ်းခြောက်မှုတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းကာလမှာ နိုင်ငံခေါင်းဆောင်အများစု အဓိကအာရုံစိုက်ဆောင်ရွက်ခဲ့ကြတာကတော့ နိုင်ငံပြန်လည်တည်ဆောက်ရေးနဲ့ အမျိုးသားလုံခြုံရေးတို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်ဒေသတွင်းမှာရှိတဲ့ ကျန်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အချိန်မပေးနိုင်ခဲ့တဲ့အတွက် အဲဒီအချိန်တုန်းက ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုတာ ဆန့်ကျင်ဘက်အယူအဆ တစ်ရပ် (Alien concept) ဖြစ်ခဲ့ပါတယ်။ **စာမျက်နှာ ၁၇ သို့**

# သစ်တောဥပဒေကြမ်း

## jynfolr;m,oBvrmtuljyEdyn&efzmjyifcf;zpyfonf

**ယမန်နေ့မှအဆက်**

(၃) သစ်မှအပ ဒေသတန်ဖိုး ကျပ် ၁၀၀၀၀၀ ထက်မပိုသော အခြားသစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုးနှင့် ကျပ် ၃၀၀၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း၊

(၄) မရွှေ့မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုး ၂ ဆ နှင့် ကျပ် ၃၀၀၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေ ပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို လိုက်နာသူအား ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ၊ လိုက်နာရန် ပျက်ကွက်သူများကိုသာ ဤဥပဒေအရ တရားစွဲဆိုရမည်။

၃၄။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့လျှင် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်း ဆက်လက်လုပ်ကိုင်ခွင့် ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟုယူဆလျှင် သတ်မှတ်သည့် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

၃၅။ သစ်တောအရာရှိသည် ဤဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ပြီး ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက သယ်ယူလာသော သစ်တောထွက်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် -

(က) မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်းခြင်းအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား ကျပ် ၁၀၀၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ဆက်လက်သယ်ယူရွှေ့ပြောင်းခွင့်ပြုနိုင်သည်၊

(ခ) မျှောစာတွင်ဖော်ပြထားသော ခရီးလမ်းဆုံးမှတစ်ပါး အခြားဒေသသို့ သယ်ယူရွှေ့ပြောင်းခြင်းအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား "ကျပ် ၁၀၀၀၀၀ ထက်မပိုသော" ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ဆက်လက်သယ်ယူ ရွှေ့ပြောင်းခွင့်ပြုနိုင်သည်၊

(ဂ) သတ်မှတ်ထားသော ဒေသပြင်ပနှင့် သယ်ယူရန်ကန့်သတ်ထားသော ဒေသများသို့ သယ်ယူရွှေ့ပြောင်းခြင်းများအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား ကျပ်၃၀၀ဃ၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သတ်မှတ်ထားသောဒေသသို့ ပြန်လည်သယ်ယူစေရမည်။

၃၆။ (က) သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ရရန်ရှိသော အခွန်အခ၊ ဒဏ်ကြေးများကို မရရှိသေးသမျှ ယင်းသစ်တောထွက်ပစ္စည်းကို ထိန်းသိမ်းထားနိုင်သည်၊

(ခ) သတ်မှတ်ကာလအတွင်း အခွန်အခ၊ ဒဏ်ကြေးများပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မခွဲ (က) အရ ထိန်းသိမ်းထားသော သစ်တောထွက်ပစ္စည်းကို သစ်တောအရာရှိသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ စီမံခန့်ခွဲရမည်။

**အခန်း(၁၁)**
**အယူခံခြင်း**

၃၇။ (က) ဤဥပဒေအရ မြို့နယ်သစ်တောအရာရှိကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိထံ သတ်မှတ်သည့်အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် မြို့နယ်သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။ (က) ဤဥပဒေအရ ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် သစ်တော အရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၉။ (က) ဤဥပဒေအရ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် ရက်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ရမည်။

**အခန်း(၁၂)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၄၀။ (က) မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ် ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၁၅၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည် -

(၁) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(၂) မွေးမြူထားသော တိရစ္ဆာန်များကို သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(၃) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(၄) သစ်တောနယ်မြေအတွင်း ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(၅) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရဘဲ တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်း၊

(၆) သစ်တောနယ်မြေအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များ ထားရှိခြင်း၊

(၇) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကို မခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၈) ဝန်ကြီးဌာနက စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကို ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(၉) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁) (၂) (၃) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန် ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ယင်းပြစ်မှုနှင့် စပ်လျဉ်းသည့် လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အအုံ အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို စီရင်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သစ်တောနယ်မြေအတွင်းမှ အပြီးအပိုင် ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၂ နှစ် ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှ ထွက်ရှိသောသစ်မှအပ သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း၊ သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှအပ မည်သည့်သစ်ပင်ကိုမဆို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဂ) ပုဒ်မ ၁၈ ပုဒ်မခွဲ (စ) အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ထုတ်ယူခွင့်ပေးသူ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း၊

(ဃ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀၀မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်အခြေခံအသုံးပြုသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံ အသုံးပြုသည့်စက် တည်ထောင်လုပ်ကိုင်ခြင်း၊ လက်ကိုင်စက်လွှ လက်ဝယ်ထားရှိခြင်း။

၄၃။ (က) မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းသစ်ကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၃၀ ထိ ချမှတ်နိုင်သည်၊

(ခ) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကို သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၃၀ ထိ ချမှတ်နိုင်သည်၊

(ဂ) မည်သူမဆို သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀၀၀၀ မှ အများဆုံး ကျပ် ၆၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဃ) ပုဒ်မ (၈) ပုဒ်မခွဲ(ခ)အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်များမှအပ ကျွန်းပင်ကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်းဖြစ်လျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀၀အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(င) ပုဒ်မ(၈) ပုဒ်မခွဲ(ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၅ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) သစ်တောဝန်ထမ်းများ အသုံးပြုသည့် တံဆိပ်တုံးတစ်ခုခုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုပြုလုပ်ခြင်း၊ တံဆိပ်တုံးအတုကို လက်ဝယ်ထားခြင်း သို့မဟုတ် တံဆိပ်တုံးအတုဖြင့် သစ်တောထွက်ပစ္စည်းတွင် ရိုက်မှတ်ခြင်း၊

(ခ) သစ်တောဝန်ထမ်းများအသုံးပြုသည့် တံဆိပ်တုံး သို့မဟုတ် ကိုယ်ပိုင်တံဆိပ်တုံးကို သစ်တောထွက်ပစ္စည်းတွင် တရားမဝင် ရိုက်မှတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်းတွင် သစ်တောဝန်ထမ်း သို့မဟုတ် ယင်းက တာဝန်ယူကြီးကြပ်၍ လွှဲအပ်ထားသူက ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပုံသဏ္ဍာန်ပျက်အောင် ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် မထင်ရှားစေရန် ဖျက်ပစ်ခြင်း၊

(ဃ) သစ်တောနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဍာန်ပျက်အောင် ပြုလုပ်ခြင်း၊

၄၅။ မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ခိုင်လုံသောအကြောင်းမရှိဘဲ သိမ်းယူလျှင် ၁ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ၊ အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သည့်သစ်တောဝန်ထမ်းမဆို မိမိ၏လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကို အဂတိလိုက်စားသော နည်းဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သော နည်းဖြင့်ဖြစ်စေ ရယူ၍ မသမာသောနည်းဖြင့် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်းကိစ္စတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံးထောင်ဒဏ် ၇ နှစ်အထိ ကျခံစေရမည်။

၄၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

စာမျက်နှာ ၁၇ သို့

# မင်းဘူးမြို့၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် အောင်ဆန်းရင်ပြင် ဖွင့်ပွဲကျင်းပ

**မင်းဘူး ဇွန် ၁၉**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် အမျိုးသားခေါင်းဆောင်ကြီးနှင့် လွတ်လပ်ရေး ဖခင်ကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်နှင့် အောင်ဆန်းရင်ပြင်ဖွင့်ပွဲ အခမ်းအနားကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် ဇွန် ၁၉ ရက် နံနက် ၇ နာရီက မင်းဘူးမြို့ ပြည်သူ့ပန်းခြံအတွင်း၌ ဖွင့်လှစ်ခဲ့သည်။



ရှေးဦးစွာအောင်ဆန်းရင်ပြင်ဖွင့်ပွဲ အထိမ်းအမှတ်ဖဲကြိုးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်တို့က ဗိုလ်ချုပ်ကြေးရုပ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်အလံနှင့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်အား တက်ရောက်လာသူများက အလေးပြုကာ တိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌက အမှတ်တရ ဂုဏ်ပြုစကားပြောကြားပြီး ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်မြောက်မွေးနေ့ ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပါမောက္ခမှူး တေးတံရှင် ဒေါ်ခိုင်ဝါက ပိုဒ်စုံရတုတေးသီးချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေပြီး တိုင်းဒေသကြီးဝန်ကြီး ဦးနေမျိုးကျော်က အမှာစကားပြောကြားကာ တေးဂီတများဖြင့် ဆက်လက် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

# ကျောက်တန်းမြို့စည်ပင်သာယာမြို့မဈေးကြီးအား အဆင့်မြှင့်တည်ဆောက်မည်

**ကျောက်တန်း ဇွန် ၁၉**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ စည်ပင်သာယာမြို့မဈေးကြီးအား အဆင့်မြှင့်တည်ဆောက်ရေးအစည်းအဝေးပွဲကို ဇွန် ၁၈ ရက် နံနက် ၁၁ နာရီက စံချိန်မီရပ်ကွက် ရွှေမှော်ဝန်းခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်နှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျောက်တန်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနောင်က မြို့မဈေးကြီးအဆင့်မြှင့်တည်ဆောက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ ဈေးကြီး၏အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် ဈေးသူဈေးသားများမှ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**



ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၃၉ ရပ်ကွက်ရှိ အခြေခံပညာမူလတန်း အမှတ်(၁၉) ကျောင်းတွင်း ကျောင်းပြင်ကို ဇွန် ၁၇ ရက် နံနက်ပိုင်းက နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ကျော်သူပရဟိတကွန်ရက်ပူးပေါင်းအဖွဲ့က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရေဇီ**

# သန်လျင်မြို့နယ်၌ ပန်းရန်အခြေခံသင်တန်းဖွင့်

**သန်လျင် ဇွန် ၁၉**
သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးကြီးမှူး၍ ကျေးလက်လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးအတွက် ပန်းရန်အခြေခံသင်တန်းအား ဇွန် ၁၁ ရက်က ကုလားဝဲကျေးရွာ ရွာမဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သက်မှူး)**

**စာမျက်နှာ ၁၅ မှ**

အရှေ့တောင်အာရှနိုင်ငံများအကြားဒေသတွင်းပေါင်းစည်းရေးအယူဝါဒ (Regionalism) စတင်ရောက်ရှိလာတာကတော့ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်-အက်စ်ကက်ပ်) (Economic and Social Commission for Asia and the Pacific-ESCAP) အဖွဲ့ကြီးရဲ့ မူလအဖွဲ့အစည်းဖြစ်တဲ့ အာရှနှင့်အရှေ့ဖျားနိုင်ငံများဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်-အီးကဖေး) (Economic Commission for Asia and the Far East-ECAFE) ရုံးချုပ်ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တဲ့ ၁၉၄၉ ခုနှစ်မှာ ဖြစ်ပါတယ်။

ဒီပြောင်းရွှေ့မှုနောက်ပိုင်း ၁၉၅၄ ခုနှစ်မှာ အရှေ့တောင်အာရှစာချုပ်အဖွဲ့-ဆီးတိုး (Southeast Asia Treaty Organization-SEATO) ကို ဗန်ကောက်မြို့မှာပဲ အခြေ စိုက်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာတော့ အာရှ ဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) (Asian Development Bank-ADB) ရဲ့ ရုံးချုပ်ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။

ဒေသခွဲအဆင့် အဖွဲ့အစည်းတွေအနေနဲ့တော့ ကမ္ဘောဒီးယား၊ လာအို၊ တောင်ဗီယက်နမ်၊ ထိုင်းနိုင်ငံစတဲ့ မဲခေါင်မြစ်ဝှမ်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကို ဦးစားပေးဆောင်ရွက်ဖို့ ၁၉၅၇ ခုနှစ်အတွင်း ဗန်ကောက်မြို့မှာ ဖွဲ့စည်းခဲ့တဲ့ မဲခေါင်ကော်မရှင် (Mekong Commission) ပဲဖြစ်ပါတယ်။ မဲခေါင်ကော်မရှင်ဟာ အနောက်နိုင်ငံတွေဆီကနေ ရန်ပုံငွေအထောက်အပံ့နဲ့ နည်းပညာအကူအညီတွေအပေါ် မှီခိုနေရတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

